ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (28-5-2008) (၅၆၉၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေဘေးဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရသည့်ဒေသများအထိ သွားရောက်ပြီး ကူညီလှူဒါန်းကြလျှင် ပိုမိုထိရောက်

နေပြည်တော် မေ ၂၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၈ခုနှစ် မေ ၂၇ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၈)ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ်(၈)

၁။ နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရသော လေဘေးသင့်ပြည်သူများအပေါ် စေတနာ သဒ္ဓါတရား ထက်သန်သော တိုင်းနှင့်ပြည်နယ်အသီးသီးမှ စေတနာရှင်တစ်ဦးချင်းနှင့် အဖွဲ့အစည်းလိုက်တို့က ငွေနှင့်ပစ္စည်းများ အင်တိုက်အားတိုက် ပေးပို့လှူဒါန်းခြင်း၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခြင်းတို့အား ဤကော်မတီက ဝမ်းမြောက်ကျေးဇူးတင်စွာ လက်ခံပြီး လေဘေးသင့်ပြည်သူများထံ အချိန်မဆိုင်း စနစ်တကျ ဖြန့်ဝေပေးပို့လျက်ရှိပါသည်။

၂။ အချို့သော အလှူရှင်များသည် မိမိတို့လှူဒါန်းလိုသော ပုဂ္ဂိုလ်နှင့် လှူဒါန်းလိုသောဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ ကိုယ်ထိလက်ရောက် လှူဒါန်းလိုကြောင်း သိရပါသည်။ ဤသို့ လှူဒါန်းလိုသူများသည် မိမိတို့လှူဒါန်းလိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာများအထိ စနစ်တကျသွားရောက် လှူဒါန်းနိုင်ပါကြောင်း၊ လေဘေးဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ကြရသည့် ဒေသများအထိ သွားရောက်ပြီး ကူညီလှူဒါန်းကြလျှင် ပိုမိုထိရောက်ပါကြောင်းနှင့် ထိုသို့ လှူဒါန်းရာတွင် အကူအညီလိုအပ်ပါက သက်ဆိုင်ရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီ အဆင့်ဆင့်ထံ တောင်းခံနိုင်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ရက်စွဲ၊ ၂၇-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံဝင်းအတွင်း၌ လဲကျနေသော သစ်ပင်များအား ရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မုန်တိုင်းဒဏ်ကြောင့် လဲပြိုသွားသော သစ်ပင်များရှင်းလင်းမှုနှင့် ပျက်စီးသွားသောအဆောက်အအုံများ ပြင်ဆင်နေမှုကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံပိုင် အဆောက်အအုံဝင်းများအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် လဲပြိုသွားသော သစ်ပင်များနှင့် အမှိုက်သရိုက်များကို အပြီးသတ် ရှင်းလင်းနေမှုနှင့် ပျက်စီးသွားသော နိုင်ငံပိုင်အဆောက်အအုံများ ပြန်လည်ပြင်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှိုင်တက္ကသိုလ်နယ်မြေရှိ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (လှိုင်နယ်မြေ)သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျောင်းဖွင့်အမီ စာသင်ဆောင်များ ပြင်ဆင်ပြီးစီးရေးနှင့် စပ်လျဉ်း၍လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လှိုင်တက္ကသိုလ်နယ်မြေအတွင်း တိုက်ကြီးတပ်နယ်မှ တပ်မတော်သားများက လဲကျနေသော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး နှစ်ကာလရှည်ကြာစွာ ပြုစုထိန်းသိမ်းစောင့်ရှောက်ခဲ့ရသော သစ်ပင်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ပြန်လည်ရှင်သန်နိုင်သော လဲကျနေသည့် သစ်ပင်များကို ခုတ်ထွင်ဖယ်ရှားခြင်းမပြုဘဲ ပြန်လည်တည့်မတ် စိုက်ပျိုးသွားရန် မှာကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံဝင်းအတွင်း၌ လဲကျနေသော သစ်ပင်များကို အမှတ်(၇၇) ခြေမြန် တပ်မဌာနချုပ်အောက်ရှိ တပ်ရင်းများမှ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈-၅-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

လေဘေးသင့်ဒေသရှိ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတွင် မေလ ၂ ရက်နှင့် ၃ ရက်နေ့တို့က ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ မြို့နယ် ၄၀တို့တွင် မုန်တိုင်းဒဏ် အပြင်းအထန် ခံစားခဲ့ကြရသည်။ မုန်တိုင်းဒဏ်ကြောင့် လူနေအိမ်ခြေအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ပင်လယ်ဒီလှိုင်းကြီးများ ရိုက်ခတ်ဖုံးလွှမ်းမှုကြောင့် လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးမှု များပြားခဲ့ရခြင်းဖြစ်သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်၊ ရန်ကုန်တိုင်းမှ သုံးမြို့နယ်၊ ပဲခူးတိုင်းမှ နှစ်မြို့နယ်နှင့် မွန်ပြည်နယ်မှ သုံးမြို့နယ်တို့၌ စိုက်ပျိုးမြေဧက တစ်သန်းကျော် ရေလွှမ်းမိုးခံရကာ ဧကတစ်သန်းကျော်တွင် ရေငန်များဝင်ရောက်ခံခဲ့ရသည်။ ယင်းတို့အနက် ဧရာဝတီတိုင်း၌ လယ်မြေဧက ၁၀ သိန်းကျော်နှင့် ရန်ကုန်တိုင်း၌ လယ်မြေဧက သုံးသိန်းကျော်တို့မှာ ရေငန်ဝင်ရောက်ခြင်းခံခဲ့ရသည်။

ထို့အတူ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ခိုင်းကျွဲ၊ ခိုင်းနွား ၂၈၀၀၀၀ ကျော် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ယင်းသို့ ပျက်စီးဆုံးရှုံးသွားသော လယ်ယာလုပ်ငန်းများအတွက် ကျွဲ၊ နွားများအစား လယ်ထွန်စက်များ၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာများ၊ စက်သုံးဆီများ လိုအပ်မည်ဖြစ်သည်။

ယခုအခါ စက်မှုလယ်ယာဦးစီးဌာနနှင့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ စက်မှုဇုန်များက လေဘေးသင့်ဒေသများ၌ လယ်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် လက်တွန်းထွန်စက်များကို လှူဒါန်းလျက်ရှိသည်။ ယင်းလက်တွန်းထွန်စက်များအနက် အစီး ၅၀၀ ကျော်ကို ဧရာဝတီတိုင်းအတွင်းရှိ ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့နယ်များသို့ ပေးပို့နေပြီဖြစ်သည်။

အဆိုပါ လက်တွန်းထွန်စက်များပေးပို့ရာတွင် စက်မှုလယ်ယာဦးစီးဌာနမှ စက်မောင်းများလိုက်ပါသွားကြပြီး လယ်ယာမြေများ ကူညီထွန်ယက်ပေးကြမည်ဖြစ်ပြီး စက်မောင်းနှင်မှုနှင့် ထွန်ယက်မှုများကိုလည်း သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှု အများဆုံးဒေသဖြစ်ရာ ဆန်စပါးများ ပိုမိုစိုက်ပျိုး လုပ်ကိုင်နိုင်ရေးအတွက် မြေယာပြုပြင်ခြင်း၊ စက်ကိရိယာသုံးစွဲခြင်း၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း၊ ပြည်ပစေတနာရှင်၊ အလှူရှင်များက ဝိုင်းဝန်းကူညီထောက်ပံ့ပေးခြင်းဖြင့် ဒေသတွင်းသာမက နိုင်ငံတကာစားနပ်ရိက္ခာ ဖြည့်ဆည်းပေးပို့ရေးတို့အတွက်ပါ အထောက်အကူ ဖြစ်စေမည်ဖြစ်ပါသည်။ ॥

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. He Chaung Chui နှင့် မြန်မာနိုင်ငံဆိုင်ရာ ယာယီဌာနေကိုယ်စားလှယ် Mr. Leon Gouns တို့ လာရောက်တွေ့ဆုံစဉ်။

(လယ်/ဆည်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.He Chaung Chui နှင့် မြန်မာနိုင်ငံဆိုင်ရာ ယာယီဌာနေ ကိုယ်စားလှယ် Mr. Leon Gouns တို့သည် မေ ၂၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး လေမုန်တိုင်းသင့်သည့်ဒေသများတွင် လယ်ယာကဏ္ဍ ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ထူထောင်နိုင်ရန်အတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် မုန်တိုင်းဒဏ်သင့်သည့် ဧရိယာအတွင်းမှ သီးနှံစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းမှုကို ကာမိစေရန်အတွက် အခြားသောဒေသများတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်နိုင်ရေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ပံ့ပိုးကူညီပေးမည့် လုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဦးဉာဏ်ဝင်းအား အိန္ဒိယနိုင်ငံ စီးပွားရေးနှင့်လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ Minister of State နှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရန်ကုန်မြို့၌ ကျင်းပသည့် ကုလသမဂ္ဂနှင့်အာဆီယံတို့ ပူးတွဲ ကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံသို့ တက်ရောက်ခဲ့သော အိန္ဒိယသမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ Minister of State H.E Mr. Tairam Ramesh နှင့်အဖွဲ့သည် မေ ၂၆ ရက် နံနက် ၈ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မုန်တိုင်းဒဏ်သင့် ပြည်သူများအား အိန္ဒိယသမ္မတနိုင်ငံက ထပ်မံအကူအညီပေးရေးကိစ္စများ၊ အထူးသဖြင့် လျှပ်စစ်စွမ်းအားကဏ္ဍတွင် အကူအညီပေးရေးကိစ္စများကိုလည်းကောင်း၊ နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘာယာကာကေမီထရာ တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ်ရှိ လေဘေးသင့်မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ငွေနှင့်ကျောင်းသုံးပစ္စည်း လှူဒါန်း

ရန်ကုန် မေ ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ လေဘေးသင့်မိသားစုဝင်များ၏ မူလတန်းပညာသင်ကြားလျက်ရှိကြသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂၆ ရက် နံနက် ၁၀နာရီတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ သီရိမြန်မာခန်းမ၌ကျင်းပရာ တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက မြို့နယ်အသင်း၏ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးဟန်မြင့်က မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အလှူငွေကျပ် ငါးသိန်း၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြထံ လည်းကောင်း**(အောက်ပုံ)**၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ကျောင်းအုပ်ကြီးများနှင့်ကျောင်းသား၊ ကျောင်းသူများထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စေတနာရှင်ပြည်သူများက ငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၇

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ မေ ၂၆ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

အဆိုပါအလှူရှင်များမှာ ဦးအောင်ကြည်နှင့်ဒေါ်မိမိသန်း၊ သမီးနိုင်နိုင်ကျော်၊ ဦးအောင်နိုင်ထွန်းနှင့် ဒေါ်မေသန်းထွေးတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးဘတင်နှင့် ဒေါ်စန်းတင်မိသားစုက ငွေကျပ် ၁၀၇၀၀၀၊ မိဘများအားအမှူးထား၍ ဦးနေစိုးနှင့် ဒေါ်စပယ်မြိုင်၊ ဦးတင်ထွဋ်နှင့် ဒေါ်သိမ့်သိမ့်စိုးမိသားစုတို့က ငွေကျပ် ၁၀သိန်း၊ ဦးသန်းဖေနှင့်ဒေါ်မမကြီးတို့က ငွေကျပ် ၃၁၀၀၀၊ Mr.Soo Liang Yin(Taiwan)က ငွေကျပ်ငါးသိန်း၊ Mr.Peng He Ruci Lian(Taiwan)နှင့် Mr.Luoiujie (Taiwan) တို့က ငွေကျပ်တစ်သိန်းစီ၊ Huang Lungpo (Taiwan) Yu.Chuyun(Taiwan)၊ ဦးသိန်းစိုးနှင့် ဒေါ်မေခိုင်တင့်မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးထွန်းအေးနှင့် ဒေါ်ရီရီဝင်း၊ သမီးအေးငြိမ်းမွန်မွန်၊ ဦးစိန်ရွှေမောင်နှင့် ဒေါ်လှလှစိန်တို့က ငွေကျပ်တစ်သောင်းစီ၊ ဦးဦးကျော်စိုးနှင့် ဒေါ်မိုးဇာဇာမိသားစုက ငွေကျပ် ၁၅၀၀၀၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်း သံအမတ်ကြီး(ငြိမ်း)၊ ရဲချုပ်(ငြိမ်း) ခေါင်းဆောင်သော ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့က ငွေကျပ် ၈၈၁၀၀၀၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ် ၃၈၅၀၀၀၀၊ ဦးသိန်းဟန်နှင့် ဒေါ်သိန်းတင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဒုတိယ ဗိုလ်မှူးကြီးရန်နိုင်နှင့် ဒေါ်ဝင်းဝင်းတိုး၊ သား ဒေါက်တာစိုးထက်၊ သမီးရွှန်းလဲ့ရည်၊ မြေးသံသာထက်တို့က ငွေကျပ်သုံးသိန်း၊ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၆၉၇၂၀၀၀၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၅၀၀၀၀၀၀၊ (ဗိုလ်မှူးကြီးမောင်ပျို) နှင့်ဒေါ်တင်လှမိသားစုက ငွေကျပ်ငါးသောင်း၊ မိဘများအား အမှူးထား၍ ဦးမြင့်ဦးနှင့် ဒေါ်စပယ်အေး၊ သမီး ဖူးဖူးကြည်သာမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးခင်မောင်ဆယ် (ဦးဆောင်ညွှန်ကြားရေးမှူး)နှင့် ဒေါ်ဌေးဌေးသန်း(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့က ငွေကျပ် ၁၅၀၀၀၀ နှင့် ဦးကျော်လင်း (ဒုတိယဥက္ကဋ္ဌ၊ သမဝါယမလီမိတက်)က ငွေကျပ် ၁၀ သိန်းတို့ဖြစ်သည်။

ယနေ့လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၅၀၆၂၆၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်း လျှပ်စစ်မီးပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ–ခရမ်းစိုးမြင့်

မုန်တိုင်းကြောင့် ဧရာဝတီတိုင်းတွင် ဓာတ်ကြိုးများ၊ ဓာတ်တိုင်များနှင့် ကြွေသီးများအပါအဝင် ပျက်စီးဆုံးရှုံးမှု တန်ဖိုး ကျပ်သန်းပေါင်း ၃၂၂ဝဒသမ ၁ဝ၃သန်းခန့် ဆုံးရှုံးခဲ့ပြီး မုန်တိုင်းစတင် တိုက်ခတ်သည့် မေလ ၂ ရက်နေ့တွင်ပင် ဧရာဝတီတိုင်း တစ်တိုင်းလုံး၌ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားခဲ့ရသည်။

ဧရာဝတီတိုင်းတွင် မုန်တိုင်းမကျမီ ဓာတ်အားပေးထား မှု အခြေအနေ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လှိုင်သာယာနှင့် အသုတ်ရှိ ဓာတ်အားခွဲရုံတို့မှတစ်ဆင့် ဧရာဝတီတိုင်းသို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးထားခဲ့ရာ ဖျာပုံခရိုင် ဖျာပုံမြို့သို့ ကွမ်းခြံကုန်း၊ဒေးဒရဲကိုဖြတ်၍ ၃၃ ကေဗွီဖြင့် ဓာတ်အားလိုင်း မိုင် ၁၁ ဒသမ ၇၅မိုင်၊ ဒေးဒရဲမှ ကျိုက်လတ်ကို ၃၃ကေဗွီဖြင့် လိုင်းမိုင်၁၄ဒသမ၅မိုင်၊ ဖျာပုံမှ ဘိုကလေးကို ၃၃ ကေဗွီဖြင့် လိုင်းမိုင်၁၉ဒသမ၅မိုင်၊ ဖျာပုံမှ ကျုံကဒွန်းကို ၁၁ ကေဗွီဖြင့် လိုင်းမိုင် တစ်မိုင်၊ ကနီသို့ ၁၁ကေဗွီဖြင့် လိုင်းမိုင်သုံးမိုင်၊ မြင်းကကုန်းသို့ ၁၁ကေဗွီဖြင့် လိုင်းမိုင် ၉ ဒသမ ၄ မိုင်၊ မော်လမြိုင်ကျွန်းသို့ ၁၁ကေဗွီဖြင့် လိုင်းမိုင်၁၇ ဒသမ၇မိုင်၊ဒေးဒရဲမှ ဖျာပုံကို ၃၃ကေဗွီဖြင့် ၁၇ဒသမ၅မိုင် စသည်တို့ဖြင့် လျှပ်စစ်ဓာတ်အားများ ပေးထားသကဲ့သို့ မအူပင်ခရိုင်၊ မြောင်းမြခရိုင်၊ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်စသည့် ခရိုင်အသီးသီးရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်တို့သို့လည်း မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူး ပေးထားခဲ့ပါသည်။

မေလ ၂ ရက်နှင့် ၃ရက်နေ့က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ဝါးခယ်မ၊ ကျုံပျော်၊ ဟိုင်းကြီးကျွန်းမြို့တို့တွင် လျှပ်စစ်ဓာတ်အားလိုင်းမှ ဓာတ်တိုင်ပေါင်း ၂၉၂၈ တိုင်၊ လက်တန်းပေါင်း ၅၆၇ ခု၊ ကြွေသီးပေါင်း ၂၃ဝဝကျော် တို့ ပျက်စီးသွားပြီး လျှပ်စစ်မီးများလည်း ဧရာဝတီတစ်တိုင်းလုံး ရပ်ဆိုင်းသွားခဲ့ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးက ဧရာဝတီတိုင်းတွင် ပျက်စီးသွားသော ဓာတ်အားစနစ်အားအမြန်ပြုပြင်၍ ပြည်သူများသို့ ဓာတ်အား ပြန်လည်ပေးနိုင်ရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော အင်ဂျင်နီယာချုပ်များနှင့် အမှုဆောင်အင်ဂျင်နီယာများ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့အား ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့သို့စေလွှတ်ပြီး မီးအမြန်လင်းရေး ကြိုးပမ်းခဲ့ရာ မုန်တိုင်းစဲပြီးနောက် နှစ်ရက်အတွင်း မေလ ၅ရက်နေ့ ညနေ ၄နာရီ ၁၅မိနစ် မှစ၍ ပုသိမ်မြို့၊ ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ရေကြည်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ပန်းတနော်၊ ဇလွန်မြို့များသို့ လျှပ်စစ်မီးများ ပြန်လည်ပေးနိုင်ခဲ့သည်။

ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ မြင်းကကုန်း၊ ဝါးခယ်မ၊ ကျုံပျော်၊ ဟိုင်းကြီးကျွန်းစသည့် မြို့နယ်တို့ကိုလည်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပို့ဆောင်ပေးလိုက်သည့် ၁ဝဝ ကေဗွီအေ ဓာတ်အားပေးစက် ခြောက်လုံး၊ ၄၂ကေဗွီအေ ဓာတ်အားပေး စက်တစ်လုံး၊ ပေါင်းမီးစက်ခုနစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားများ ပေးထားသဖြင့် ဧရာဝတီသည် ပြန်လည်မီးလင်းလျက်ရှိနေပြီဖြစ်သည်။

ဖျာပုံမြို့တွင် မုန်တိုင်းကြောင့် ကျိုးပြတ်သွားခဲ့သော ဓာတ်တိုင်များကို မီးအမြန် ပြန်ပေးနိုင်ရေးအတွက် အစားထိုးအသစ်စိုက်ထူနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ်များကို လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိရာတွင် ဖျာပုံမြို့အတွက် ပျက်စီးသွားသည့် ဒေးဒရဲ-ကျိုက်လတ်-ဖျာပုံ ၃၃ကေဗွီဓာတ်အားလိုင်းမှ ကျိုက်လတ်နှင့် ဖျာပုံကြား လိုင်းမိုင် ၁၅မိုင်အတွင်းရှိ ကွန်ကရစ်ဓာတ်တိုင် ၁၁၇ကို ၂၉-၅-၂ဝဝ၈နေ့တွင် လည်းကောင်း၊ ဘိုကလေးမြို့အတွက် ၃၃ကေဗွီ လိုင်းမှလိုင်းမိုင် ၁၉ ဒသမ ၅ မိုင်နှင့် ကွန်ကရစ်ဓာတ်တိုင် ၂ဝ၃တိုင်ကို (အသစ်စိုက်ထူပြီး) ၃၁-၅-၂ဝဝ၈နေ့တွင် လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့အတွက် ၁၁ကေဗွီလိုင်းမှ လိုင်းမိုင် ၂ဝအတွင်းရှိ ဓာတ်တိုင်၃၅၈တိုင်နှင့် မြစ်ကူးတိုင်တစ်တိုင်တို့အား ၁၅-၆-၂ဝဝ၈နေ့တွင်လည်းကောင်း၊လပွတ္တာမြို့တွင် မုန်တိုင်းကြောင့် ပျက်စီးသွားခဲ့သော ၈၆ဝကေဗွီအေ လျှပ်စစ်ဓာတ်အားပေးစက်အား ၃ဝ-၅-၂ဝဝ၈ နေ့တွင် လည်းကောင်း၊ မြင်းကကုန်းအတွက် ဘိုကလေးမှ ၁၁ ကေဗွီဖြင့်လိုင်းမိုင် ၈ ဒသမ၇မိုင်အတွင်းမှ ဓာတ်တိုင် ၂၄၁ တိုင်ကို ၁၅-၆-၂ဝဝ၈နေ့တွင်လည်းကောင်း အပြီးပြုပြင်ပြီးစီးအောင် ကြိုးပမ်းကြမည်ဟုသိရသည်။ ဒေးဒရဲမြို့အတွက်လှိုင်သာယာဓာတ်အားခွဲရုံမှ လှိုင်သာယာ-ကွမ်းခြံကုန်း-ဒေးဒရဲတို့ကို ဖီဒါဖြင့် ဓာတ်အားပို့လွှတ်ထားသဖြင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် လှိုင်သာယာမှ အထွက် ၃၃ကေဗွီတိုင်များ ပြိုလဲခဲ့သောကြောင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှလှိုင်သာယာမှ ကွမ်းခြံကုန်း-ဒေးဒရဲအထိ ဓာတ်အားလိုင်းများ ပြုပြင်ပြီးလျှင် ဓာတ်အားရရှိနိုင်မည်ဟု သိရှိရသည်။

ယခုအခါ ဝါးခယ်မမြို့နယ်အတွက် မြောင်းမြဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဝါးခယ်မလိုင်းမိုင် ၁၉ မိုင်အတွင်းမှ ဓာတ်တိုင်ပေါင်း ၁၂၇ တိုင်ကို ၂၂-၅-၂ဝဝ၈ နေ့တွင် လည်းကောင်း၊ ကျုံပျော်မြို့နယ်အတွက် ကျုံပျော်-ဝါးခယ်မ ၁၁ကေဗွီလိုင်းမှ လိုင်းမိုင် ၁၂ မိုင်အတွင်း ဓာတ်တိုင် ၉၂တိုင်ကို ၂၃-၅-၂ဝဝ၈ နေ့တွင် လည်းကောင်း၊ ဟိုင်းကြီးကျွန်းမြို့မှ မူလ ၃၅ ကေဗွီအေ ဓာတ်အားပေးစက်နှင့် ၄ဝဝ ဗို့ဓာတ်အားလိုင်းများကို အသီးသီးပြုပြင်ပြီးဖြစ်၍ ၁၅-၅-၂ဝဝ၈နေ့မှစ၍လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိနေပြီဟု သိရသည်။

ကျွန်တော်သည် ဖျာပုံတွင် တွေ့ဆုံခဲ့သော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးအောင်သန်းဦးကို မုန်တိုင်းကြောင့် ပျက်စီးသွားသော ဧရာဝတီတိုင်းမီးပြန်လင်းရေးဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ မေးကြည့်ရာ ဦးအောင်သန်းဦးက "ဧရာဝတီတိုင်းကို မုန်တိုင်းကျရောက်ပြီးနောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး၏ တာဝန်ပေးချက်အရ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ဦးဆောင်ပြီး ကျွန်တော်အပါအဝင် အင်အား ၂၃ဦးရှိသော အဖွဲ့သည် မေလ ၄ ရက်နေ့မှာ ရန်ကုန်မှတစ်ဆင့် ဧရာဝတီတိုင်းသို့ ရောက်ရှိပါတယ်။ ပြည်နယ်နှင့် တိုင်းများမှ အကူအင်အား ၅ဝဝ ကျော်နှင့် ပူးပေါင်း၍ ဧရာဝတီတိုင်း၏ မြို့တော်ဖြစ်သည့် ပုသိမ်ကို မီးလင်းအောင် ဦးစွာဆောင်ရွက်ကြပါတယ်။ဒါကြောင့် ပုသိမ်မြို့မှာ မေလ ၅ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိခဲ့ပါတယ်။ ပုသိမ်မြို့နှင့်အတူ ထိုနေ့၌ပင် ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ရေကြည်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ပန်းတနော်၊ ဇလွန်မြို့တို့မှာလည်း မီးများပြန်လင်းခဲ့ပါတယ်။ ယခုအခါ ဧရာဝတီတိုင်းမှာ ၂၆ မြို့နယ်ရှိသည့်အနက် ဓာတ်အားစနစ်နဲ့ ၂၁ မြို့နယ်ကို မီးများပေးထားပြီး ကျန်ငါးမြို့နယ်

မုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားခဲ့သော ညောင်တုန်းမြို့နယ်မှ လှိုင်သာယာ-ညောင်တုန်း ၃၃ကေဗွီ ဓာတ်အားလိုင်းအား ရေထဲတွင် အသစ်ပြန်လည်စိုက်ထူနေကြစဉ်။

ကို မီးစက်များဖြင့် မီးလင်းရေး ဆောင်ရွက်ထားပါတယ်" ဟု ရှင်းပြသည်။

၎င်းနောက် ကျွန်တော်သည် ဓာတ်အားကွပ်ကဲရေးဌာနမှ အင်ဂျင်နီယာချုပ်ဦးတင်မောင်ထွန်းကို ဆက်လက်မေးမြန်းကြည့်ရာ ဦးတင်မောင်ထွန်းက "ကျွန်တော်ရဲ့တာဝန်က ဓာတ်အားပေးစက်ရုံကြီးတွေက ထွက်လာသည့် လျှပ်စစ်ဓာတ်အားတွေကို ၂၃ဝ ကေဗွီ၊ ၁၃၂ ကေဗွီ မဟာဓာတ်အား လိုင်းကြီးတွေကတစ်ဆင့် ပြည်နယ်နှင့်တိုင်း၊ မြို့၊ ရွာ၊ ရပ်ကွက်တွေကို ဓာတ်အားပေးပို့ရာမှာ ၃၃ ကေဗွီ ဓာတ်အားလိုင်းတွေအထိတာဝန်ယူရပါတယ်။ကျွန်တော်ရဲ့ ကွပ်ကဲမှုအောက်တွင် ဓာတ်အားလိုင်းထိန်းသိမ်းရေး ရှစ်ဖွဲ့နှင့် ဓာတ်အားခွဲရုံပေါင်း ၃၇ရုံ ရှိပါတယ်။ အဲဒီဓာတ်အားခွဲရုံတွေကို ဆက်သွယ်မှုလုပ်ပြီးတော့ ၂၄ နာရီပတ်လုံး ကွပ်ကဲမှုများ ဆောင်ရွက်နေပါတယ်" ဟု ရှင်းပြပါသည်။

ဆက်လက်၍ မေလ ၂ ရက်နှင့် ၃ ရက်နေ့က ဧရာဝတီတိုင်းကို ဗဟိုပြုပြီး ကျရောက်ခဲ့သည့် မုန်တိုင်းကာလအတွင်း စိုက်ထူထားသည့် ဓာတ်အားလိုင်းများ မြို့၊ရွာအနှံ့၌ လဲကျခြင်းနှင့် ဓာတ်ကြိုးများပြတ်တောက်ခြင်း ဖြစ်ခဲ့သော်လည်း ပြည်သူတစ်ဦးတစ်ယောက်မျှ လျှပ်စစ်အန္တရာယ်နှင့်မကြုံခဲ့ရကြောင်း၊မုန်တိုင်းတိုက်ခတ်တော့မည်ဟု သတိပေးကြေညာမှုများ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သတိပေးစဉ်ကတည်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးက မုန်တိုင်းကျချိန်တွင် လျှပ်စစ်အန္တရာယ်မကြုံရအောင် ဓာတ်အားကွပ်ကဲရေးဌာနအနေဖြင့် ကြိုတင်ပြင်ဆင်ထားရန်နှင့် ဓာတ်အားဖြတ်တောက်ထားရန် လိုအပ်ချိန်တွင် မိမိထံ ခွင့်တောင်းစရာမလိုတော့ဘဲ ဆောင်ရွက်ခွင့် ကြိုတင်ပေးထားခြင်းကြောင့် ဖြစ်ကြောင်း။

ထို့ကြောင့် မေလ ၂ရက်နှင့် ၃ရက်နေ့ မုန်တိုင်းကျရောက်ချိန်၌ တချို့မြို့၊ ခရိုင်များက ဓာတ်အားပိတ်သိမ်းပေးရန် မိမိတို့ထံ သတင်းပို့ချက်ရရှိခဲ့သော်လည်း တချို့ဒေသနှင့် အဆက်အသွယ်မရခဲ့ကြောင်း၊ သို့သော် ဧရာဝတီတိုင်းကို မုန်တိုင်းဝင်ရောက်ပြီဟု သိလျှင်သိချင်း မြန်မာပြည်အောက်ပိုင်းသို့ အဓိကပို့လွှတ်နေသည့် ဓာတ်အားခွဲရုံကြီးနှင့် အသုတ်ဓာတ်အားခွဲရုံ အပါအဝင် ရွှေတောင်၊ တောင်ငူ၊ ပဲခူးအထိကို ဓာတ်အားများ ပိတ်ထားရန် စီစဉ်နိုင်ခဲ့ခြင်းကြောင့် လျှပ်စစ်အန္တရာယ် မကြုံခဲ့ကြောင်း" ရှင်းပြသည်။

၎င်းကဆက်လက်၍ မိမိတို့ ဓာတ်အားကွပ်ကဲရေးဌာနတွင် လျှပ်စစ်ဓာတ်အားများ လွှတ်ထားချိန်အတွင်း ဒေသတစ်ခု၌ ဓာတ်တိုင်များ လဲကျသွားပြီဆိုသည်နှင့် အလိုအလျောက် ဓာတ်အားများ ပိတ်သိမ်းပြီးဖြစ်သည့် နည်းစနစ်ကိုလည်း အသုံးပြုထားပါကြောင်း၊ ဘယ်နားက တိုင်လဲသလဲ ဆိုတာ မသိနိုင်သော်လည်း ဘယ်ဒေသက ဓာတ်တိုင်လဲသလဲဆိုတာကို သိနိုင်သည့် ကိရိယာများ တပ်ဆင်ထားပါကြောင်း တို့ကို ရှင်းပြသည်။

ထို့နောက် ဒေသခံဖျာပုံခရိုင်မှ ခရိုင်နှင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်လွင်က မေလ ၂ရက် ည၇ နာရီတွင်ဖျာပုံတွင် မုန်တိုင်းဝင်မည်ဆိုတာသိလျှင်သိချင်း၊ ရန်ကုန်ဓာတ်အားကွပ်ကဲရေးဌာနကို တယ်လီဖုန်းဖြင့် ဓာတ်အားပိတ်ပေးရန်သတင်းပို့ခဲ့ကြောင်း၊ မုန်တိုင်းမှာ ပြင်းထန်သဖြင့် မိမိတို့ လျှပ်စစ်ဝင်းအတွင်းရှိခရိုင်ရုံးနှင့် ဝန်ထမ်းအိမ်များလည်း ပြိုသွားကြောင်း၊ မြို့တွင်း၌လည်း ဓာတ်တိုင်များပြိုလဲသွားကြောင်း၊ မုန်တိုင်းစဲသည့် မေလ ၃ ရက်နေ့ နံနက်တွင် ပြိုလဲသွားသည့် မိမိတို့ရုံးနှင့် အိမ်များကိုထားခဲ့ပြီး ရှိသည့်အင်အား ၁၈ ယောက်နှင့် မြို့တွင်းလမ်းပိတ်လဲကျနေသည့် ဓာတ်တိုင်များကို ရှင်းခဲ့ပါကြောင်းဖြင့် ရှင်းပြသည်။

ဧရာဝတီတိုင်းအတွင်း မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသည့် ဓာတ်အားစနစ်ကို ပြန်လည်ပြုပြင်လျက်ရှိရာတွင်မြို့နယ်အလိုက်ဓာတ်အားပြန်လည်ရရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်နေမှု အစီအစဉ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအားမေးမြန်း၍ ပြည်သူများအားလုံး သိရှိမျှဝေ ခံစားနိုင်ကြရန် သတင်းဆောင်းပါး ရေးသားတင်ပြလိုက်ရပါသည်။ ။

မုန်တိုင်းကြောင့် ကျိုးကျပျက်စီးခဲ့သည့် မအူပင်-ကျိုက်လတ်ကားလမ်းဘေးမှ ၃၃ ကေဗွီဓာတ်အားလိုင်းအား လုပ်သားကြီးများ အသစ်ပြန်လည် စိုက်ထူနေကြစဉ်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker ဦးဆောင်သော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် INGO တို့မှ တာဝန်ရှိသူများ ဖျာပုံမြို့နယ် ဧရာကျေးရွာ၌ လေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် INGOတို့မှ တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းလေဘေးသင့်ဒေသများသို့ လှည့်လည်ကြည့်ရှု

ရန်ကုန် မေ ၂၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် UNFPA မှ ဌာနေကိုယ်စားလှယ် Mr.Daniel B.Baker ဦးဆောင်သော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် INGO တို့မှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဧရာဝတီတိုင်း ဘိုကလေးမြို့သို့ရောက်ရှိကြပြီး ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ ဝန်ကြီးက အဖွဲ့ဝင်များအား ဧရာဝတီတိုင်းအတွင်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရမှု အခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် Mr.Daniel B.Baker နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့၌ နယ်စည်းမခြားဆရာဝန်များအဖွဲ့နှင့် WFP တို့၏ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလိုက်လံကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ဖျာပုံမြို့နယ် ဧရာကျေးရွာသို့ သွားရောက်ကြပြီး ဧရာကျေးရွာ၌ ပြည်ပမှပေးပို့လှူဒါန်းထားသည့် ရွက်ဖျင်တဲဖြင့် ယာယီစာသင်ကျောင်းဆောက်လုပ်မှု၊ ယာယီဆေးပေးခန်း ဖွင့်လှစ်ထားရှိမှု၊ မော်တော်ဆိပ်၌ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြပြီး ဝန်ကြီးကကျေးရွာပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများအား မေးမြန်း၍ လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် လပွတ္တာမြို့နယ် ကြိမ်ချောင်းကျေးရွာသို့ရောက်ရှိကြပြီး တာဝန်ရှိသူများအား ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးပြီး ဆက်လက်ထွက်ခွာလာရာ လပွတ္တာမြို့သို့ရောက်ရှိကြသည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးစခန်း၌ မြို့နယ်အတွင်း လေဘေးဒဏ် ခံရမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းအခြေအနေများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် Mr.Daniel B.Baker နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ရှိ WFP ၏ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ဖြန့်ဝေမှုအခြေအနေများနှင့် ဆိပ်ကမ်း၌ ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိမှုနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဖြန့်ဝေပေးပို့ရေးဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ သွားရောက်ကြပြီး ကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ ထောက်ပံ့ရေးပစ္စည်းများရောက်ရှိမှု၊ လှေများဖြင့် ပတ်ဝန်းကျင် ကျေးရွာများသို့ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးပို့ရေး ဆောင်ရွက်နေမှု၊ ကျေးရွာဆေးပေးခန်းနှင့်မီးဖွားလူနာအခြေအနေတို့ကိုလှည့်လည်ကြည့်ရှုကြပြီး ဝန်ကြီးက တာဝန်ရှိသူများအား ကျေးရွာအတွင်း သန့်ရှင်းရေးလုပ်ငန်းများအမြန်ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက်ဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ကျေးရွာအခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်များ ပျက်စီးခြင်းအတွက် ရွက်ဖျင်တဲယာယီစာသင်ကျောင်း နမူနာပုံစံဆောက်လုပ်မှုအခြေအနေကို ကြည့်ရှုကြပြီး ကျေးရွာပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မေးမြန်းဆွေးနွေး၍ ထပ်မံဖြည့် ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker တို့ လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ၌ ဆောက်လုပ်ထားသည့် ရွက်ဖျင်တဲ ယာယီစာသင်ကျောင်းကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

○ ရွှေဖုံးမှ

တပ်မတော်သားများက စက်ယန္တရားများ အသုံးပြု၍ ခုတ်ထွင်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးချုပ်ဝင်းမြင့်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်နယ်မြေ အဓိပတိလမ်း၌ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အောက်ရှိ တပ်ရင်းများမှ တပ်မတော်သားများက လဲကျနေသော သစ်ပင်များအား ခုတ်ထွင်ဖယ်ရှား ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးချုပ်လှမင်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် အဓိပတိလမ်းတစ်လျှောက် လဲပြိုသွားသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှုနှင့် စာသင်ဆောင်များ၊ ကျောင်းအဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျောင်းဖွင့်အမီ ပြင်ဆင်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံဝင်းအတွင်းသို့ ရောက်ရှိကြပြီး ဝင်းအတွင်း၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းများမှ တပ်မတော်သားများက လဲပြိုနေသော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြန်လည်ရှင်သန်နိုင်သော သစ်ပင်များအား အကိုင်းအခက်များကိုသာ ခုတ်ထွင်ရှင်းလင်းပြီး ပင်စည်ပြန်လည်တည့်မတ် စိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ ကမ္ဘာအေးစေတီလမ်း အင်းလျားကန်ရှိ မြကျွန်းသာဥယျာဉ်၌ လဲကျနေသော သစ်ပင်များအား မော်ဘီတပ်နယ်မှ တပ်မတော်သားများက ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လဲကျနေသော သက်တမ်းရင့် ကုက္ကိုပင်ကို အကိုင်းအခက်များခုတ်ထွင်ပြီး ပြန်လည်တည့်မတ် စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင်၊ အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၇

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သား မိသားစုများနှင့်စေတနာရှင် ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင် ပြည်သူများက ငွေကျပ်၄၆၈၀၀၀တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၅၆၈၇၀၀ နှင့် ငွေကျပ် ၁၂၃၄၃၇၅၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၀၁၂၂၄၆၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် ဆေးဝါးပစ္စည်းများ၊ ရန်ကုန်တိုင်းမှ စေတနာရှင် ပြည်သူများက အလှူငွေကျပ် သိန်း၁၀၀နှင့် မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၈၇၉၃၀၀ တန်ဖိုးရှိ ဆန်၁၆၂ အိတ်၊ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၇၇၁၉၅၀၀ အပါအဝင် ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၁၆၇၁၉၅၄၆၀ဖြစ်ပြီး မေ၂၇ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၉၈၂၈၂၂၅၇၇၉ ရှိပြီဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel)တို့ ပူးပေါင်းစဉ်မှုဖြင့် Internet & e-mail သင်တန်းအမှတ်စဉ် (၆/၂၀၀၈)ကို ဇွန် ၂ရက်မှ စတင်၍ ရှစ်ရက်ကြာ ဖွင့်လှစ် သင်ကြားမည် ဖြစ်သည်။ သင်တန်းသူ၄၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံး ဖုန်း ၂၅၂၅၈၉ တွင် ရယူ၍ မေ ၃၀ရက်နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ လွှဲပြောင်းပေးပို့ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦးတို့သည် မေ ၁၄ရက် နံနက် ၈နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ လွှဲပြောင်းပေးပို့ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ခန်းမအတွင်းပေးပို့မည့် ကယ်ဆယ်ရေးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တိုင်းမှူးနှင့် ဇနီးတို့ ဦးဆောင်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ကယ်ဆယ်ရေးပစ္စည်းများကို လက်ဆင့်ကမ်းစနစ်ဖြင့် မော်တော်ယာဉ်များပေါ်သို့ တင်ပို့ပေးကြသည်။

လေဘေးသင့် ပြည်သူများအတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စောင်အထည် ၉၀၀၀ နှင့် ငွေကျပ် ၁၉၉ဒသမ၅သိန်း တန်ဖိုးရှိ ပုဆိုး/လုံချည် ၉၅၀၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စောင်အထည် ၁၀၀၀၀နှင့် ငွေကျပ်သိန်း ၁၀၀တန်ဖိုးရှိ ကျား/မစီး အရွယ်စုံ ဖိနပ်မျိုးစုံ၊ တိုင်းမှူးနှင့်ဇနီး မိသားစုက ငွေကျပ် ၁၀သိန်း၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကငွေကျပ်၁၉ဒသမငါးသိန်း၊ ဦးတင်မောင် (ဟွန်ဒါမြန်မာကုမ္ပဏီ) မိသားစုကငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ သကြားအိတ် ၅၀၀၊ ချင်းတွင်းစတား မော်တော်ယာဉ်ထုတ်လုပ်ရေးက ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ စောင်အထည် ၁၀၀၀၊ ရွှေဘိုမြို့ ရုပ်ပျိုတိုင်းရင်းဆေးက တန်ဖိုးငွေကျပ် ၁၈ဒသမ၅သိန်းတန်ဖိုးရှိ ဆေးမျိုးစုံဘူး ၃၀၀၀၊ ကန့်ဘလူမြို့ မြို့မိ၊ မြို့ဖများက ငွေကျပ် ၇၃၂၀၀၀ တန်ဖိုးရှိ စားသုံးဆီ၂၄၄ပိဿာ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ရေသန့်ဆေး ရည် ၂၄၉ သေတ္တာ၊ ဦးအောင်ကျော်ကိုး - ဒေါ်ဝင်းဝင်းငွေး မိသားစုက ပုဆိုးအထည်၂၅၀၊ ဦးမျိုးဝင်း-ဒေါ်ခင်စန်း မိသားစုက ပုဆိုးအထည် ၂၅၀၊ စေတနာရှင်အလှူရှင်များက ဆန်အိတ် ၅၅၀၊ ဦးခင်မောင်ဆွေ - ဒေါ်မော်မော်ဝင်းမိသားစုက အဝတ်အထည်မျိုးစုံ ၁၇၃ ထည်၊ ဦးသန်းထွန်း-ဒေါ်တင်ယုမေမိသားစုကစောင်အထည် ၁၂၀၊ တိုင်းလူဝင်မှုကြီးကြပ်ရေးဌာနမှ ပုဆိုးအထည် ၅၀၊ ဦးသန်းရွှေ-ဒေါ်ခင်ဝင်းမိသားစုက အထည်မျိုးစုံ ၃၄၁ထည် အပါအဝင်လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆန်၊ ဆီ၊ အဝတ်အထည်၊ စောင်၊ ဆပ်ပြာ၊ ဆေးဝါး၊ ရေသန့်ဘူး၊ စားသောက်ကုန်များနှင့် အလတ်စားလယ်ထွန်စက်နှစ်စီး စုစုပေါင်း ပစ္စည်း တန်ဖိုးငွေကျပ် ၁၁၀၃၈၈၈၆၀ လှူဒါန်းကြသည်။

ကယ်ဆယ်ရေး ပစ္စည်းများအား တပ်မတော် မော်တော်ယာဉ် ၁၅ စီး၊ ဌာနဆိုင်ရာ မော်တော်ယာဉ်ငါးစီး စုစုပေါင်း အစီး ၂၀ ဖြင့် မုံရွာမြို့မှ လေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနစံပယ်ရိပ်သာနှင့်သပြေရိပ်သာ၌နေထိုင်ကြသောအရာရှိစစ်သည်မိသားစုများကကဆုန်လပြည့် အလှူဒါနအဖြစ် သာဝတ္ထိ၊စမတောင်၊ပရဟိတမိဘမဲ့ကျောင်းအတွက်ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူးနှင့် ဝတ္ထုငွေကျပ်ငါးသောင်းကိုစမတောင်ဆရာတော်ထံဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သုဝဏ္ဏသိဂီရိပ်သာ ၁၀ရက် တရားစခန်း

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (ဂ)ရပ်ကွက် သံသုမာလမ်းရှိ သုဝဏ္ဏသိဂီမိုးကုတ် ဓမ္မရိပ်သာကြီး၌ ဇွန် ၃ရက်မှ ၁၃ရက်အထိ (၁၀၇)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တကစ္စာယနနှင့် ဓမ္မကထိက ဆရာကြီး ဦးကျော်စိန်(ဇလွန်)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ရာ ဖုန်း-၅၇၂၃၉၅သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

လပွတ္တာမြို့ ပြန်လည်ထူထောင်ရေး အချိန်နှင့်တစ်ပြေးညီဆောင်ရွက် မက်စ်မြန်မာကုမ္ပဏီနှင့် ရောရွှေဝါကုမ္ပဏီတို့ပူးပေါင်း၍ ပြုပြင်တည်ဆောက်လျက်ရှိ

ရန်ကုန် မေ ၂၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မက်စ်မြန်မာကုမ္ပဏီနှင့် ရောရွှေဝါကုမ္ပဏီတို့ပူးပေါင်း၍ ရာဝတီတိုင်း လပွတ္တာမြို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ လပွတ္တာမြို့ အမှတ် (၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ် ရဲစခန်း၊ မြို့နယ် သမဝါယမရုံး၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စခန်း၊ မီးသတ်ဦးစီးဌာနရုံး၊ မြို့နယ်စီမံကိန်းဦးစီးရုံး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဘုရင့်နောင်ဈေးရိပ်သာ၊ သစ်တောဈေးရိပ်သာ၊ မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများ အပါအဝင် ဌာနဆိုင်ရာနှင့် သာသနိက အဆောက်အအုံ စုစုပေါင်း ၅၁ လုံးကို သွပ်အမိုးအကာ အရံများဖြင့် ပြန်လည်ပြင်ဆင် တည်ဆောက်ပေးခဲ့ရာ ရာနှုန်းပြည့်နီးပါး ပြီးစီးလျက်ရှိသည်။ ကျန်ရှိသေးသည့် အဆောက်အအုံများကိုလည်း အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှူဒါန်း

အလားတူ လေဘေးသင့်ဒေသခံပြည်သူများအတွက် သွပ်များကို မက်စ်မြန်မာကုမ္ပဏီနှင့်ရောရွှေဝါကုမ္ပဏီတို့က သက်သာသော ဝယ်ရင်းဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ရန်ကုန်မြို့မှ လပွတ္တာမြို့သို့ သယ်ယူပို့ဆောင်ခစရိတ်များကိုမူ လှူဒါန်းကြောင်းသိရသည်။ လပွတ္တာမြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း သွပ်အချပ်ရေ ၆၀၀၀ နှင့် သစ်များကို လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိ

ကမ္ဘာ့တိရစ္ဆာန် စောင့်ရှောက်ရေးအဖွဲ့က ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ တစ်ဆင့် လှူဒါန်းသည့် ရောစပ်ပြီး ကျွဲ၊ နွားအစာတောင့် တန် ၃၀ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာစဉ်။

(သတင်းစဉ်)

လေဘေးသင့်ဒေသရှိ ကျွဲ၊ နွားများအတွက် လှူဒါန်းသည့် အစားအစာများရောက်ရှိ

ရန်ကုန် မေ ၂၇

လေဘေးသင့်ဒေသများရှိ ကျွဲ၊ နွားများအားကျွေးမွေးရန် ကမ္ဘာ့တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့ (World Society for the Prevention of Animals-WSPA)က ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ တစ်ဆင့် လှူဒါန်းသည့် ရောစပ်ပြီး ကျွဲ၊နွားအစာတောင့် တန် ၃၀သည် မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် C-130 လေယာဉ်သုံးစင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် FAO မြန်မာနိုင်ငံဆိုင်ရာ ယာယီဌာနေကိုယ်စားလှယ် Mr. Leon Gouns တို့က လက်ခံပြီး လေဘေးသင့်ဒေသများသို့ ဆက်လက်ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ဒေသများအတွက် နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများရောက်ရှိ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိ

ရန်ကုန် မေ ၂၇

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှ ရေသန့်များ၊ ရေသန့်ဆေးပြား၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ သစ်သားများ၊ စောင်များ၊ ရေစည်များ၊ တာပေါ်လင်များ စုစုပေါင်း ၃၂ဒသမ ၅၈ တန်သည် C-130 လေယာဉ်လေးစင်းဖြင့် ယနေ့ နံနက် ၈နာရီ ၅၈မိနစ်၊ နံနက် ၉နာရီ ၅၅မိနစ်၊ နံနက် ၁၁နာရီ ၄၅မိနစ်နှင့် မွန်းလွဲ ၁နာရီ ၅မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ကြက်ခြေနီအဖွဲ့မှ လှူဒါန်းသော ဆေးဝါးများ၊ အစားအစာများ၊ စောင်များ စုစုပေါင်း ၁၃ဒသမ၀၈တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၉နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ လာအိုပြည်သူ့သမ္မတနိုင်ငံမှ လာအိုဆေး အကာအကွယ်ပေးရေးအဖွဲ့အတွက်ပေးပို့သော ဆေးဝါးများ၊ ရေသန့်များ စုစုပေါင်း ၂ဒသမ ၆၅ တန်သည် Y. 7-100 C လေယာဉ်ဖြင့် နံနက် ၁၀နာရီခွဲတွင်လည်းကောင်း၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ တိရစ္ဆာန်အစားအစာ စုစုပေါင်း ၁၀ တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၀နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံမှ အားဖြည့်ဘီစကစ်များ ၃၅ တန်သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံမှ တဲများ၊ ဆေးဝါးများ၊ မိုးကာဖျင်၊ အစားအစာများ၊ စုစုပေါင်း ၃၄ဒသမ၈၄ တန်သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ ပလတ်စတစ်စများ ၃၈ဒသမ ၅၂တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံမှ စောင်များ ၃၄ဒသမ၅ တန်သည် A-310 လေယာဉ်ဖြင့် ညနေ ၃နာရီတွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသောပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင်ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွန်းလွန်း အဘိဓမ္မာ၊ ပဋ္ဌာန်း သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း သယ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ၂၀၀၈ ခုနှစ် မေ ၃၁ ရက်(စနေနေ့)မှစ၍ အဘိဓမ္မာနှင့် ပဋ္ဌာန်းသင်တန်း၊ အဘိဓမ္မာဂုဏ်ထူးဆောင် သင်တန်းများကို စွန်းလွန်းတိပိဋကဆရာတော် ဦးဆောင်လျက် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သင်ကြားပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၅၆၄၆၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

▲ **ကျောဖုံးမှ**

နှစ်နိုင်ငံဆရာဝန်များဖြင့် ကုသနေခြင်းကိုလည်းကောင်း၊ ဒေးဒရဲမြို့၌ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့် ဒဏ်ရာရသူများအား နှစ်နိုင်ငံ ဆရာဝန်များဖြင့် ဆေးကုသမှုများ ဆောင်ရွက်နေခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်နေခြင်းတို့ကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လူနာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မေ ၂၆ ရက်တွင် နိုင်ငံတော်မှ လှူဒါန်းသော စက်မှုလယ်ယာမှ ထုတ်လုပ်သည့် မြင်းကောင်ရေ(၆/၈)ကောင်အားရှိသော လယ်ယာ(၂၂) လက်တွန်းထွန်စက် ၁၀၂ စီးနှင့် ဒေင်ကုမ္ပဏီမှ လှူဒါန်းသော လယ်ယာ(၂၂) လက်တွန်းထွန်စက်အစီး ၂၀ စုစုပေါင်း ၁၂၂ စီး ရောက်ရှိတပ်ဆင်မှုကို သွားရောက်ကြည့်ရှုခဲ့ပြီး အဆိုပါ လယ်ယာ(၂၂) လက်တွန်းထွန်စက်များကို ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့် ကျေးရွာများမှ တောင်သူလယ်သမားများအား လယ်ယာမြေ အမြန်ဆုံး ဖော်ထုတ်နိုင်ရေးအတွက် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများ အမြန်ပြီးစီးအောင်တည်ဆောက်

နေပြည်တော် မေ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် မေ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသော တိုင်းရင်းသားကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ဖြေးဦးစွာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က လေဘေးသင့်ကျေးရွာများတွင် ဒေသခံများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ပံ့ပိုးပေးပြီး ရိက္ခာများ ပြတ်လပ်မှုမရှိအောင် တာဝန်ရှိသူများဖြင့် စီစဉ်ဆောင်ရွက်ထားကြောင်း၊ မုန်တိုင်းဒဏ် မခံရသော မြို့နယ်များသို့ ရောက်ရှိနေသူများအား ကျေးရွာအလိုက် အမည်စာရင်းများ ကောက်ယူ၍ ပျောက်ဆုံးနေသူများ စာရင်းနှင့်အတူ ဆက်သွယ်အကြောင်းကြားပေးလျက်ရှိကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် ဦးစားပေး ပြုပြင်ရမည်ဖြစ်သော စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများကို အမြန်ဆုံးပြီးစီးအောင် ပြင်ဆင်ဆောက်လုပ်ပြီး ပတ်ဝန်းကျင်ကျေးရွာများအတွက်လည်း သွားလာမှု လွယ်ကူကောင်းမွန်ချိန်တွင်ရရှိသောပစ္စည်းများ၊ လူအင်အားများဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ကာ အားကြိုးမာန်တက် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် မိဘမဲ့ကလေးများအတွက် ပြုစုပျိုးထောင်ရေး ဆောင်ရွက်ထားသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းပညာရေးမှူး ဦးခင်မောင်ရီက ဧရာဝတီတိုင်းအတွင်း မြို့နယ်အလိုက် အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားမှု၊ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောင်းများ အခြေအနေနှင့် နိုင်ငံတော်နှင့် UNICEF တို့၏ အစီအစဉ်ဖြင့် ကျောင်းများ ပြန်လည်ဆောက်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကုမ္ပဏီများမှ တာဝန်ရှိသူများက မြို့နယ်အလိုက် ကုမ္ပဏီများ ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပစ္စည်းရရှိမှု၊ ပြင်ဆင်ပြီးစီးမှုနှင့် ပြင်ဆင်ဆဲ အဆောက်အအုံများအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးမည့် ရွှေနဒီသင်္ဘောထွက်ခွာ

ရန်ကုန် မေ ၂၇

ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးမည့် ရွှေနဒီသင်္ဘောသည် ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဘုန်းကြီးလမ်း အမှတ်(၁) ဆိပ်ခံတံတားမှ ထွက်ခွာသွားသည်။

အဆိုပါသင်္ဘောတွင် နိုင်ငံတကာနှင့် ပြည်တွင်းအလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ မိုးကာများ၊ မိုးကာလိပ်များ၊ မီးအားပေးစက်များ၊ ရေသန့်စင်စက်များ၊ စောင်များ၊ ရေသန့်ဘူးများနှင့် ဆေးပစ္စည်းများ စသည့် ထောက်ပံ့ရေးပစ္စည်း တန် ၁၄၀ ကျော် ကို တင်ဆောင်သွားသည်။ (သတင်းစဉ်)

ကော့မှူးမြို့နယ် ရေကျော်ကျေးရွာနှင့် ကျိုက်ထော်(မြောက်)ကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၇

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့တွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် အနောက်ခြမ်း တိုးမြစ်ကမ်းရှိ ရေကျော်ကျေးရွာသို့ စိန်ဝင်းသိန်းရေယာဉ်ဖြင့် ရောက်ရှိသည်။

ယင်းနောက် ဝန်ကြီးသည် ရေကျော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရေကျော်၊ ပျဉ်းကတိုး၊ တလုပ်ထော်၊ ရှာဘွား၊ကညင်ငူနှင့် ခလောက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဆိုပါ ကျေးရွာများရှိ အလကနှင့် အမက ကျောင်းခုနစ်ကျောင်းတို့မှ ကျောင်းအုပ် ဆရာ၊ဆရာမကြီးများ၊ တာဝန်ခံဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ကျေးရွာ ပြန်လည်တည်ဆောက်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးပြီး လေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ ဆန်၊ သောက်ရေသန့်၊ခေါက်ဆွဲခြောက်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ကျိုက်ထော်(မြောက်)ရွာသို့ ရေယာဉ်ဖြင့် ထွက်ခွာပြီး ကျိုက်ထော်ရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျိုက်ထော်(မြောက်)၊ ကျိုက်ထော်(တောင်)၊ အောက်ကျင်း၊ ဥတို(သမဲ့)၊ ကျုံတလာ၊ ပုပ္ပား၊ မှော်တော၊ ဝါးသခ်၊ မဆယ်ဆိပ်၊ ညောင်ကုန်းကျေးရွာများမှ ကျေးရွာဥက္ကဋ္ဌများ၊ တိုက်နယ်ဆေးရုံမှ တာဝန်ရှိသူများ၊ အဆိုပါ ကျေးရွာများရှိ အထက်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်းခုနစ်ကျောင်းတို့မှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ တာဝန်ခံ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ကျေးရွာပြန်လည် ထူထောင်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသည်။

ထောက်ပံ့

ယင်းနောက် ဝန်ကြီးသည် တိုက်နယ်ဆေးရုံနှင့် စာသင်ကျောင်းများ ပျက်စီးမှုကို ဦးစားပေး အဆင့်လိုက် ပြန်လည်တည်ဆောက်ရေး မှာကြားကာ ကျိုက်ထော်(မြောက်ရွာ)လောကမာန်အောင်ဘုရားတန်ဆောင်း၌ လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး ဆန်၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆေးဝါးကုသပေး

ဝန်ကြီးနှင့်အတူ လိုက်ပါလာသည့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့မှ ဆရာဝန်သုံးဦးနှင့် သူနာပြုခြောက်ဦးတို့က ရေကျော်ရွာ၌ မကျန်းမာသူ ၁၃၆ ဦးနှင့် ကျိုက်ထော်(မြောက်)ရွာ၌ မကျန်းမာသူ ၁၅၀ တို့အား ဆေးဝါးကုသပေးခဲ့ပြီး ယနေ့ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများမှာ နိုင်ငံတော်မှထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများအပြင် သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီမှ ဆန်အိတ် ၅၀၀၊ အိမ်မိုးသွပ် အချပ် ၁၀၀၀၊ သောက်ရေသန့်ဘူး ၆၀၀ နှင့် ခေါက်ဆွဲခြောက် ဖာ ၃၀၊ အိမ်ရိုက်သံပိသ္သာ ၂၀တို့ ပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ သွပ်ပြားနှင့် သံများကို အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်းနှင့် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ရွှေနေချုပ်ရုံး)တို့က မေ ၂၅ ရက်က ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ကော့မှူးမြို့နယ် ရေကျော်ကျေးရွာ လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်စဉ်။ (အား/ကာ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၀၀ ၅။ တေးဂီတအစီအစဉ်
- ၈း၃၀ ၆။ International News.
- ၉း၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ နားဝင်ပီယံသူ့လက်သံ
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၅။ သီချင်းကြီးပဒေသာ
- ၅း၀၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅း၂၅ ၇။ တေးဂီတအစီအစဉ်
- ၅း၄၀ ၈။ **“ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ” (မင်းမော်ကွန်း၊ လွင်မိုး၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္ဇလီတင့်၊ ဝွမ်းပုံ၊ ရော)**
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
- ၇း၀၀ ၁၂။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၃၀ ၁၃။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်း “ရနံ့ပြယ်ပန်း” (အပိုင်း-၁) (ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ကြည်လဲ့လဲ့ဦး၊ ချိုပြုံး) (ဒါရိုက်တာ-မောင်နန္ဒ)**
- ၁၈။ အစီအစဉ်ပြီး၏။

ရသေ့တောင်မြို့နယ်အတွင်း နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၇

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ မေ ၂၃ ရက်တွင် ရသေ့တောင်မြို့ မေယုခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးသောင်းက မြို့နယ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်က ယခုရာသီတွင် အထွက်နှုန်း ကောင်းသော မျိုးစပါးများ ရွေးချယ်စိုက်ပျိုးရေး၊ ဆီဖူလုံမှုနည်းသည့်အတွက် တောရိုင်း၊ မြေရိုင်းများတွင် ဆီထွက်သီးနှံများနှင့် ရော်ဘာပင်များ စိုက်ပျိုးရေး၊ ပြည်သူတို့အား ကျန်းမာရေး ဗဟုသုတပေးရေး၊ လှည့်လည်စစ်ဆေးကုသပေးရေးတို့ကို မှာကြားပြီး ရသေ့တောင်မြို့နယ် ပညာရေးမှူး ဦးဝေဇံလှထံသို့ စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ် ခင်ဇော်သည် ရသေ့တောင်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် တွေ့ဆုံ၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် စိုက်ပျိုးမွေးမြူရေးကို တိုးချဲ့ဆောင်ရွက်၍ မိသားစုသက်သာချောင်ချိရေး အလေးထား ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ UNICEF EAPRO မှ Regional Director, Ms.Anupama Rao Singh လာရောက်တွေ့ဆုံစဉ်။ (လူမှုဝန်ထမ်း)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် UNICEF EAPRO မှ Regional Director တွေ့ဆုံ

ရန်ကုန် မေ ၂၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ UNICEF EAPRO မှ Regional Director, Ms. Anupama Rao Singh သည် မေ ၂၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်လည်း တက်ရောက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံ ပါလီမန်အတွင်းရေးမှူး H.E. Mr. Osamu UNO လာရောက်တွေ့ဆုံစဉ်။

(ကျန်းမာရေး)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် မလေးရှားနိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ (IFRC)မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံညွှဲ့အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံ ပါလီမန် အတွင်းရေးမှူး (Parliamentary Secretary)H.E. Mr. Osamu UNO သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန် သံအမတ်ကြီး H.E.Mr. Yasuaki Nogawa နှင့်အတူ မေ ၂၆ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ယာယီကွပ်ကဲမှုဌာန၌ လာရောက်တွေ့ဆုံသည်။

ရှင်းလင်းပြသ

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့်ခံခဲ့ရသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းပြသသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီးက ဂျပန်နိုင်ငံအနေဖြင့် လေဘေးသင့်ပြည်သူများအတွက် ကူညီမှုများကို ကျေးဇူးတင်ရှိကြောင်း၊ JICA အဖွဲ့အနေနှင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်နေကြောင်း၊ လေဘေးသင့်ဒေသနေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းစခန်းများ ဖွင့်လှစ်ဆောင်ရွက်နေကြောင်း၊ လက်ရှိ အိမ်နီးချင်းနိုင်ငံ ခြောက်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် ကွင်းဆင်းကုသရေးအဖွဲ့များက ဒေသအလိုက် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၃၀ ၈။ ရင်ခုန်စီးဆင်းအချစ် သီချင်း
- ၅:၄၀ ၉။ မြတ်နိုးကြစေ အမျိုးသား အမွေ
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ကာတွန်းအစီအစဉ် - ငါးကလေးရဲ့စွန့်စားခန်း အပိုင်း(၅၀)
- ၇:၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ပျော်ရွှင်ပါစေ အပိုင်း(၂၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ယနေ့ညအတွက်မြဝတီ ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဆန့်ကျင်ဘက်နှလုံးသား အပိုင်း(၁၂)
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

လေဘေးရန်ပုံငွေ အထူးပန်းချီပြပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ အလုပ်အမှုဆောင် အစည်းအဝေး ၁၁/၂၀၀၈ကို ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်း၊ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ အတွင်းရေးမှူး ဦးကြည်ဝင်း (Today)၊ တွဲဖက်အတွင်းရေးမှူး ဦးမြလွင်နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပဲခူးမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးကို ပြပွဲရန်ပုံငွေများပေးအပ်၍ ဂုဏ်ပြုတွေ့ဆုံပွဲကျင်းပသည်။ ထို့နောက် လေမုန်တိုင်းဒဏ်ခံရသော အစည်းအရုံးဝင် ပညာရှင်များကို ကူညီထောက်ပံ့နိုင်ရေးအတွက် လေဘေးရန်ပုံငွေ အထူးပန်းချီပြပွဲကို အစည်းအရုံးပြခန်း၌ ဇွန် ၁၇ ရက်မှ ၂၆ရက်အထိပြသသွားရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။ ပါဝင်ပြသလှူဒါန်းလိုသူ ပညာရှင်တစ်ဦးလျှင် ၂ပေ×၃ပေထက်မကြီးသော ပန်းချီကားတစ်ကားနှုန်း(ဘောင်ပါ)ကို ဗဟိုရုံးခန်းသို့ ဇွန် ၁၀ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် လေဘေးကြောင့်ပျက်စီးဆုံးရှုံးသူ အစည်းအရုံးဝင်ပညာရှင်များဗဟိုသို့ ဆက်သွယ်သတင်းပို့ကြပါရန် နှိုးဆော်ထားသည်။

ဒဂုံဆိပ်ကမ်းမြို့နယ် (၅၈)ရပ်ကွက်ရှိ လေဘေးဒဏ်ခံရသူ ပညာရှင်များအား ဗဟိုအမှုဆောင် ပန်းချီဦးမင်းဝေအောင်နှင့်ဇနီး ဒေါ်သန်းသန်းမော်(New treasure Art Gallery)နှင့် အင်သာ Gallery မှ ဦးဌေးအောင်တို့က ဆန်နှင့်ငွေများကို ပထမအကြိမ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ လှူဒါန်းလိုသူ အလှူရှင်များနှင့် အသေးစိတ်သိလိုသူများ အစည်းအရုံး(ဗဟို)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (ရိုးရာပန်းပညာရှင်များအစည်းအရုံး)

ကိုယ်အားစိတ်အားရှိသမျှ လှူနိုင်တန်းနိုင်ကြပါသည်

ကျော်ရဲမြင့်

"နာဂစ်"ဆိုတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးကတော့ လွန်ခဲ့ပါပြီ။

နာဂစ်မုန်တိုင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းမှာ မကြုံစဖူး ထူးကဲပြင်းထန်လှပြီး အဖျက်စွမ်းအား အလွန်ပဲကြီးမားတဲ့ မုန်တိုင်းကြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း မုန်တိုင်းဦးတည် ဖြတ်သန်း တိုက်ခတ်သွားတဲ့ ဧရာဝတီတိုင်း ခုနစ်မြို့နယ်နဲ့ ရန်ကုန်တိုင်း မြို့နယ် ၄၀ တို့မှာ လူနေအိမ်ခြေ အဆောက်အအုံ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရပြီး လေပြင်းအပြင် ဒီလှိုင်းကြီးများပါ ဖုံးလွှမ်းသွားခဲ့တဲ့အတွက် လူ၊ တိရစ္ဆာန်အမြောက်အမြား သေကျေပျက်စီးခဲ့ကြရပါတယ်။ တချို့ကျေးရွာတွေနဲ့ လယ်တဲတွေ၊ တံငါတဲတွေဟာ လုံးဝ ကွယ်ပျောက်သွားခဲ့ရပါတယ်။

ဒါကြောင့်လည်း မေလ ၃ ရက်နေ့ မုန်တိုင်းတိုက်နေစဉ်ကာလ အတွင်းမှာပဲ ဝန်ကြီးချုပ်ဦးဆောင်တဲ့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အရေးပေါ်အစည်းအဝေး ပြုလုပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို ချက်ချင်းစတင်ခဲ့ကြပါတယ်။ ဒီလို အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် သတ်မှတ်လို့ ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းတွေကို အပြင်းအထန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့အတွက် အိုးမဲ့အိမ်မဲ့ပြည်သူအများစုကို ကယ်တင်နိုင်ခဲ့ပြီး နောက်တန်းစခန်း ငါးခု၊ အလယ်တန်းစခန်း ၁၅ ခုနဲ့ ရှေ့တန်းစခန်း ၁၂ခုတို့မှာ အိုးမဲ့အိမ်မဲ့ ပြည်သူ ၁၀သိန်း ခြောက်သောင်း လေးထောင်ကျော်ကို ရွှေ့ပြောင်းနေရာချထားပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အလှမ်းဝေးတဲ့ အစွန်အဖျားကျေးရွာများကိုလည်း စက်လှေ၊ ရဟတ်ယာဉ်တွေနဲ့ ရေနဲ့ရိက္ခာတွေ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

လက်ရှိအခြေအနေမှာတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေ အတော်အသင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါပြီ။ အသက်ရှင် ကျန်ရစ်သူအားလုံး ဆက်လက်အသက်ရှင်နေထိုင်နိုင်ရေးအတွက် အစားအစာ၊ ရေ၊ ရိက္ခာ၊ အဝတ်အထည်နဲ့ နေရာထိုင်ခင်းတွေပေးပြီး ကူညီစောင့်ရှောက်ထားနိုင်ခဲ့ပါပြီ။ ဒီလိုအောင်မြင်စွာ ကယ်ဆယ်စောင့်ရှောက်မှု ပေးနိုင်ခဲ့ခြင်းဟာလည်း ပြည်တွင်း၊ ပြည်ပ စေတနာရှင်များရဲ့ လှူဒါန်းမှုက အခရာကျလှပါတယ်။ ပြည်တွင်း၊ ပြည်ပအလှူရှင်များက လှူဒါန်းတဲ့ပစ္စည်းတွေကို ဒုက္ခသည်တွေဆီ အမြန်ဆုံးရောက်အောင် မော်တော်ကား၊ ရဟတ်ယာဉ်၊ စက်လှေ၊ အရပ်သင်္ဘော၊ စစ်သင်္ဘော ရသမျှယာဉ်အားလုံးကိုသုံးပြီး ချက်ချင်းဖြန့်ဝေ ပို့ဆောင်ပေးနေတာတွေလည်း နေ့စဉ်ကြားသိ တွေ့မြင်နေရပါတယ်။

လောလောဆယ် ပြဿနာကတော့ ဒုက္ခသည်တွေအတွက် စားရေး၊ ဝတ်ရေး အဆင်ပြေပေမယ့် မုတ်သုံမိုးနဲ့အတူ လုပ်ငန်းခွင်ပြန်ဝင်နိုင်ဖို့ အမိုးအကာအဖြစ် တဲအိမ်တွေကို အမြန်ဆောက်လုပ်ပေးနေပါတယ်။ ပြည်တွင်းမှာရနိုင်တဲ့ သစ်ဝါးတွေနဲ့ တဲတွေဆောက်ပေးနေသလို အလှူရှင်တွေလှူဒါန်းတဲ့ မိုးကာတဲတွေ၊ တာပေါ်လင်၊ ပလတ်စတစ်စတွေနဲ့ ယာယီမိုးကာပေးမှုတွေလည်း လုပ်နေရပါတယ်။ စာသင်ကျောင်း၊ ဆေးရုံ၊ ဌာနဆိုင်ရာအဆောက်အအုံနဲ့ လူနေအိမ်များကိုလည်း သွပ်ပြားများပြန်မိုးပြီး ပုံမှန်လုပ်ငန်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်တွင်း၊ ပြည်ပအလှူရှင်တွေရဲ့လှူဒါန်းမှုအားဟာ အရေးပါလှသလို သိပ်ပြီးတော့လည်း ကျေးဇူးတင်စရာ ကောင်းလှပါတယ်။

အစိုးရဘက်က ကယ်ဆယ်ကူညီစောင့်ရှောက်ရေး လုပ်ငန်းတွေအတွက် ကျပ်ငွေ ငါးဘီလီယံကို ကနဦးချက်ချင်းသုံးစွဲခဲ့ပြီး ယခုအချိန်အထိ ကျပ်ငွေ ဘီလီယံ ၇၀ အထိ သုံးစွဲခဲ့ပြီးပါပြီ။ ပြည်ပအလှူရှင်နိုင်ငံတွေ၊ INGO တွေ၊ NGO တွေ၊ UN နဲ့ လက်အောက်ခံ အေဂျင်စီတွေ၊ တစ်သီးပုဂ္ဂလတွေကလှူဒါန်းတဲ့ ငွေကြေးနဲ့ ပစ္စည်းပမာဏတွေကလည်း မနည်းလှပါဘူး။ ဒါ့အပြင် ပြည်တွင်းက အားလုံးသော စေတနာရှင်ပြည်သူတွေရဲ့ ငွေအား၊ ပစ္စည်းအား၊ လူအား၊ လုပ်အား လှူဒါန်းမှုတွေကလည်း တကယ့်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းလောက်အောင် သဒ္ဓါထက်သန်ကြီးမားများပြားလှပါတယ်။

ပထမအဆင့် ကူညီ၊ ကယ်ဆယ်၊ ယာယီနေရာချထားရေး အပိုင်းမှာ အတော်အသင့် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်တဲ့အတွက် ဒုတိယအဆင့်အနေနဲ့ ဒေသခံပြည်သူတွေရဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်းတွေ၊ နေအိမ်၊ ကျောင်း၊ ဆေးခန်းတွေ ပြန်လည်ဆောက်လုပ်ပေးဖို့၊ ဒါ့အပြင် သူတို့ဘဝ ရပ်တည်နိုင်ရေးအတွက် ပျက်စီးဆုံးရှုံးသွားတဲ့ ကျွဲနွားတွေ၊ ထွန်စက်တွေ၊ မျိုးစပါးတွေ၊ ငါးဖမ်းလှေတွေ၊ ငါးဖမ်းပိုက်တွေနဲ့ ဆားဖိုတွေကို ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးကြရဦးမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးနိုင်ဖို့အတွက် ကုလသမဂ္ဂနဲ့ အာဆီယံတို့ ပူးတွဲကမကထပြုလုပ်တဲ့ နိုင်ငံတကာမှ ငွေကြေးအကူအညီများနဲ့ အခြားအကူအညီများ ကတိကဝတ်ပြုတဲ့ညီလာခံကို မကြာမီကပဲ ရန်ကုန်မြို့မှာ ကျင်းပခဲ့ပြီးဖြစ်တာ အားလုံးအသိပါ။ ဒီလို နိုင်ငံတကာ အကူအညီတွေနဲ့တန်းတူ ပြည်တွင်းက အားလုံးသော စေတနာရှင်ပြည်သူတွေရဲ့ ကူညီလှူဒါန်းမှု အစုစုဟာလည်း တစ်ခန်းတစ်ကဏ္ဍအနေနဲ့ အရေးပါနေဦးမှာသာဖြစ်ပါတယ်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဟာ ဘာသာတရားရဲ့ အဆုံးအမနဲ့အညီ လှူရေးတန်းရေး လက်မနှေးကြပါဘူး။တစ်မူးရရင် တစ်ပဲလှူဖို့ တွေးနေတဲ့သူတွေပါ။ အမှန်တကယ် လိုအပ်မယ်သာဆိုရင် ငွေကြေး၊ ပစ္စည်းဉစ္စာသာမက ခြေလက်ခန္ဓာ အသက်သွေးသားကိုပါ လှူဒါန်းဖို့ ဝန်မလေးတဲ့လူမျိုးပါ။ ဒါကြောင့်လည်း အခုလို နာဂစ် မုန်တိုင်းဒဏ်ကြောင့် ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသား သွေးချင်းမောင်နှမတွေ ဆင်းရဲဒုက္ခကြုံကြရပြီဆိုတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသား ပြည်သူအပေါင်းက သောင်းသောင်းဖြဖြ လှူကြ တန်းကြ၊ ကူကြ ကယ်ကြ၊ စောင့်ရှောက်ကြတာ တကယ့်ကို အားရစရာပါပဲ။ အယုတ်အလတ်အမြတ်မရွေး သဒ္ဓါတတ်အားနည်းများမဆို လှူဒါန်းကြတဲ့ လှူဒါန်းမှု ငွေကြေး၊ ပစ္စည်းပမာဏကလည်း အံ့မခန်းပါပဲ။ လှူကြတန်းကြသူတွေအတွက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရသလို အလှူကို လက်ခံရရှိတဲ့ ဒုက္ခသည်တွေအတွက်လည်း ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရပါတယ်။

ဒါပေမယ့် အခုတစ်လောမှာ လေဘေးသင့်ပြည်သူတွေအပေါ် လှူဒါန်းမှုတွေနဲ့ပတ်သက်ပြီး ပိတ်ပင်မှုတွေပဲ ရှိနေသလိုလို၊ လွတ်လွတ်လပ်လပ်ပဲ လှူဒါန်းခွင့် မရသလိုလို ပြည်သူများအကြား သို့လော သို့လော ဖြစ်စရာသတင်းတွေကို လေပုပ်ထုတ် အသံလွှင့်ဌာနတွေဆီက ထပ်ကာထပ်ကာ ကြားနေရပါတယ်။ တကယ်တော့ ဒီသတင်းတွေဟာ အမှန်မဟုတ်ပါဘူး။ အလှူအတန်းရက်ရောပြီး သဒ္ဓါတရားထက်သန်တဲ့ ဗုဒ္ဓဘာသာနိုင်ငံမှာ ဒီသတင်းမျိုးဟာ လက်ခံနိုင်စရာလည်း မရှိပါဘူး။

တကယ်တော့ စေတနာရှင် ပြည်သူတိုင်း မည်သူမဆို အကန့်အသတ်မရှိ လွတ်လွတ်လပ်လပ် စိတ်ကြိုက်လှူဒါန်းခွင့်ရှိပါတယ်။ အလှူရှင်အနေနဲ့ ကိုယ်လှူဒါန်းချင်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်လှူဒါန်းချင်တဲ့ နေရာဒေသအရောက် သွားရောက်ပြီး ကိုယ်ထိလက်ရောက် လှူဒါန်းခွင့် ရှိပါတယ်။ သက်ဆိုင်ရာကလည်း လှူဒါန်းမှုအစုစုအတွက် တားဆီးပိတ်ပင် ကန့်သတ်ခြင်း လုံးဝ(လုံးဝ) မရှိပါဘူး။ အမှန်တကယ် လိုအပ်နေတဲ့အတွက် လှူပါလှူပါလို့ တိုက်တွန်းဆော်ဩနေရတဲ့ အချိန်မှာ လှူဒါန်းမှုကို အဟန့်အတားလုပ်စရာလည်း အကြောင်းမရှိပါဘူး။ အားလုံးသော စေတနာရှင် ပြည်သူတွေက များနိုင်သမျှ များများ လှူကြ တန်းကြ ထောက်ပံ့ကြမှသာ ဒုက္ခသည် ပြည်သူတွေအတွက် များများကြီး ထိရောက်အကျိုးရှိ အဆင်ပြေမှာ မဟုတ်လား။

ဒါပေမယ့် ကိုယ်တွေ့ကြုံခဲ့တဲ့သူတွေဆီက သိရကြားရတာလေးတွေ၊ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားရသိရတာလေးတွေကိုလည်း စေတနာရှင် အလှူရှင်တွေ ဝေဖန်ချင့်ချိန်နိုင်အောင် ဖောက်သည်ချချင်ပါသေးတယ်။ ကျွန်တော်ကြားမိသလောက် တချို့ဒေသတွေမှာ အလှူရှင်တွေက ကားပေါ်ကနေ မုန့်တွေ၊ ပစ္စည်းတွေပစ်ချပြီး လှူဒါန်းကြတဲ့အတွက် အဲဒါကိုစောင့်ပြီး ကောက်ဖို့ လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်မှာ လူတွေအများကြီးဖြစ်နေပါသတဲ့။ အဲဒီလူတွေထဲမှာ အမှန်တကယ် လေဘေးဒဏ်သင့်ပြီး ဒုက္ခရောက်နေသူအချို့ ပါနိုင်သလို အရချောင်တယ်ဆိုပြီး လာလုကောက်နေတဲ့ မတော်လောဘသား တချို့လည်း ပါကောင်းပါနေမှာပါ။ လမ်းဘေးမှာ ရောက်နေတဲ့ လူစုဟာ စာရင်းမရှိ၊ ဇာစ်မြစ်မရှိ၊ ဘယ်ရွာ ဘယ်ဒေသကဆိုတာ ဘယ်သူမှ တာဝန်မယူနိုင်ပါဘူး။

တာဝန်ယူနိုင်တယ်ပဲ ထားပါတော့၊ လေဘေးဒုက္ခသည် မှန်တယ်ပဲထားပါတော့။ လှူတဲ့တန်းတဲ့ နေရာမှာ မိမိတို့ရဲ့ သဒ္ဓါတရားကို အခြေခံပြီး မေတ္တာရှေ့ထားကာ အလှူခံပုဂ္ဂိုလ်ကိုလည်း လေးစားမှုနဲ့ လှူဒါန်းသင့်ကြပါတယ်။ အခုလို လမ်းဘေးမှာပစ်ချပေးကြလို့ အလှူခံပုဂ္ဂိုလ်တွေက အလုအယက် လိုက်ကောက်နေကြရတဲ့ အနေအထားမျိုးကတော့ နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်တယ်လို့ ယူဆမိပါတယ်။ အလှူခံပုဂ္ဂိုလ်တွေရဲ့ အဆင့်အတန်းကို နှိမ့်ချရာရောက်သလို အလှူရှင်ရဲ့ စေတနာထက်သန်မှုကိုလည်း တလွဲအထင်မှားစရာ ဖြစ်စေနိုင်ပါတယ်။ အလှူရှင်က လေးလေးစားစား လှူဒါန်းသင့်သလို အလှူခံ ပုဂ္ဂိုလ်ကလည်း ငြိမ်းငြိမ်းချမ်းချမ်း ဝမ်းမြောက်ဝမ်းသာနဲ့ သိက္ခာရှိရှိ လက်ခံစေသင့်ပါတယ်။ အခုလိုကားပေါ်ကပစ်ချတဲ့ မုန့်တွေ၊ ပစ္စည်းတွေကို အလုအယက် ကောက်ကြ ယူကြ ဆွဲကြ လွဲကြရင်း ခိုက်ရန်ဖြစ်ပွားမှုတွေ ဖြစ်လာမယ်၊ တစ်ဦးချင်းခိုက်ရန်ဖြစ်ပွားမှုကနေ ကျေးရွာအလိုက်၊ အုပ်စုအလိုက် ပဋိပက္ခတွေ ဖြစ်လာမယ်ဆိုရင် အလှူရှင်တွေလည်း ဘယ်လိုမှ စိတ်ကောင်းနိုင်မှာမဟုတ်သလို အလှူခံပုဂ္ဂိုလ်တွေအတွက်လည်း အကျိုးထက် အပြစ်က ပိုများသွားမှာဖြစ်ပါတယ်။ တကယ့်ကို ဆင်ခြင်သင့်တဲ့ ကိစ္စပါ။

နောက်တစ်ခုက အဲဒီလို လမ်းဘေးမှာတွေ့တဲ့လူတွေကို အပျော်သဘော ကားပေါ်ကပစ်ချလှူဒါန်းရင်းကနေ လူအားကောင်းလာပြီး ကားတွေကို အတင်းအဓမ္မ ရပ်တန့်စေပြီး တောင်းယူတာတွေ၊ ဒီနေရာမှာ မလှူခဲ့ရင် ဆက်သွားခွင့်မပြုဘူးဆိုတာတွေအထိ ဖြစ်လာနိုင်ပါတယ်။ ဒါဆိုရင် အလှူရဲ့သဘောကနေ အဓမ္မပြတိုက်တဲ့သဘော ဆောင်သွားပြီ။ ဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စပါ။ တချို့ဆိုရင် အဲဒီလိုမျိုး အခြေအနေအထိ ကြုံခဲ့ရတယ်လို့ ဆိုပါတယ်။ တချို့အလှူရှင်တွေဆိုရင်လည်း မိမိသွားလိုရာဒေသကို သွားရောက် လှူဒါန်းရာမှာ ပစ္စည်းအကုန်လုံးမလှူခဲ့ဘဲ အပြန်မှာ လမ်းမှာစောင့်နေတဲ့ လူစုတွေကိုပေးဖို့ ချန်ထားခဲ့ရတဲ့အထိ အန္တရာယ်ရှိနေတာကို ကြားသိရပါတယ်။ စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူတာ တန်းတာတောင်မှ စိတ်အေးချမ်းသာ မဖြစ်ရတဲ့ အခြေအနေမျိုးပါ။

သက်ဆိုင်ရာ မြို့နယ်အဆင့် တာဝန်ရှိသူတွေက အခုလိုကားပေါ်ကနေ အလှူပစ္စည်းများ ပစ်ချပေးနေတဲ့အတွက် ဒုက္ခသည်မဟုတ်သူများပါ အလှူရှင်များကို စောင့်မျှော်နေပြီး အချောင်ရလိုစိတ် ဖြစ်ပေါ်စေကြောင်း၊ စေတနာရှင် ပြည်သူများအနေနဲ့ လမ်းဘေးတစ်လျှောက် လှူဒါန်းခြင်းမပြုဘဲ သက်ဆိုင်ရာ လေဘေးကယ်ဆယ် ထောက်ပံ့ရေး ကော်မတီများနဲ့ ဆက်သွယ်ညှိနှိုင်း လှူဒါန်းကြရန် မေတ္တာရပ်ခံပါကြောင်း အသံချဲ့စက်တွေနဲ့ လှည့်လည်ကြေညာနေတယ်လို့လည်း ကြားရပါတယ်။ လှူတဲ့သူတွေကလည်း အထက်မှာပြောခဲ့သလို ကားပေါ်က ပစ်ချပေးနေခြင်းဟာ ဒေသခံဒုက္ခသည်တွေကို ချစ်ရာမရောက်ဘဲ နစ်ရာရောက်စေတယ်ဆိုတာကို နားလည်လက်ခံကြစေချင်ပါတယ်။ စနစ်တကျ လှူကြတန်းကြ သင့်ပါတယ်။

လှူတဲ့တန်းတဲ့ အလှူရှင်ပြည်သူ
စေတနာရှင်တွေရှိသလို နိုင်ငံရေးပ
လုပ်ဇာတ်ခင်းချင်တဲ့အကြံနဲ့ လှူဒါန်း
အဲဒီလို နိုင်ငံရေး အသွေးအရောင်ရှိ
ရည်ရွယ်ချက်ရှိရှိနဲ့ လမ်းဘေးကလူ
စကားတွေပြောပြီး ပြဿနာတစ်ရပ်ရ
တာမျိုးတွေလည်း ရှိနေပါတယ်၊ လမ်း
တွေ အလုအယက်ကောက်ရင်း ရုတ်
ဗီဒီယို၊ ဓာတ်ပုံတွေရိုက်ပြီး နိုင်ငံနဲ့လူ
ပြည်ပမီဒီယာတွေဆီကို ရောင်းစား
တွေ့နေရပါတယ်။ ဒါတွေကိုကြည့်ပြီး
အဆင့်အတန်းကို ပြည်ပက တလွဲ
လူမျိုးရဲ့မျက်နှာကို ဘယ်မှာသွားထား
ကြပါတယ်။

အခုအချိန်မှာ နာဂစ်လေ
လုပ် အသုံးချဖို့ ကြိုးပမ်းနေသူ
အကြောင်းပြပြီး မရိုးမဖြောင့်လု
စေတနာကောင်းနဲ့ လှူဒါန်းလိုက
ပြည်သူတွေအတွက် မလိုလား
အဟန့်အတားတွေ မဖြစ်စေလို
အလှူရှင် ပြည်သူတွေအနေနဲ့ နို
အမည်ခံအလှူရှင်တွေရဲ့ မရိုးမ
သတိပြုဆန့်ကျင်သွားကြဖို့ လို

လတ်တလော ဖြစ်စဉ်လေးတစ်ခု
၂၅-၅-၂၀၀၈ ရက်နေ့က ပုသိမ် NL
အဖွဲ့တစ်ဖွဲ့ဟာ ပုသိမ်မြို့ အထက (
ဒုက္ခသည်တွေကို တစ်ဦးကို တစ်ထေ
ရောက် လှူဒါန်းခဲ့ကြပါတယ်။ ဒုက္ခသ
သက်ဆိုင်ရာနဲ့ အဆင်မပြေဖြစ်ပြီး ဆ
တယ်လို့ဆိုပါတယ်။ တကယ်သာ စေ
ကုန်အောင်တော့ဆက်ပြီးတော့ လှူ
အဲဒီလို NLD က ဆက်ပြီးမလှူတဲ့
မရသေးတဲ့ ဒုက္ခသည်တချို့က မ
စခန်းက ထွက်ခွာသွားတဲ့အထိ ဖြစ်ခဲ့ပ
တဲ့ ဒုက္ခသည်တွေကို သက်ဆိုင်ရာ
သွားလိုရာဒေသများ သွားနိုင်အောင် စီ
သိရပါတယ်။ တကယ်တော့ လှူဒါန်
အတွင်း မကျေမနပ်ဖြစ်အောင် ပြ
ပါ။ NLD မီးမွေးခဲ့တဲ့ အဲဒီပြဿနာ
အောင်ဖြေရှင်းပေးခဲ့ရတာပါ။

တကယ်တော့ နိုင်ငံတော်က
လေဘေးကယ်ဆယ်ရေးနဲ့ ပြန်လ
တွေကို အမျိုးသားရေးအဆင့်
ကယ်ဆယ်ကူညီထူထောင် တည်
တယ်။ နိုင်ငံတကာကလည်း ပ
တယ်။ ဒီလိုအခြေအနေမှာ NL
အမြင်နဲ့ ပူးပေါင်းဆောင်ရွက်ကြ
အမြတ်ထုတ်ဖို့ ကြိုးပမ်းလာနေပ
များအကြား မကျေနပ်မှုတွေ၊ ပြ
အဲဒီကတစ်ဆင့် ဆူပူမှု အရေး
လာအောင် သွေးခွဲသပ်လျှို လှုံ့
နေတယ်ဆိုတာ ဒီဖြစ်ရပ်က သက
ဟာ ဘယ်သူသေသေ ငတေမာပြီ
အင်မတန် အောက်တန်းကျတဲ့
ဆိုချင်ပါတယ်။

ချုပ်ပြီးပြောရရင် အခုလို
ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့
နဲ့ ပြန်လည်ထူထောင်ရေးလုပ်
နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့
ပူးပေါင်းဆောင်ရွက်မှ အပြည့်အ
တယ်။ အဲဒီ သုံးဦးသုံးဖလှယ်
ပြည်သူတွေရဲ့အင်အားက အကြ
ပြည်သူအားလုံးရဲ့ ငွေကြေးအ
လုပ်အား လှူဒါန်းမှုအစုစုဟာ
ဒါကြောင့် လူတိုင်းလူတိုင်း၊
စိတ်အားရှိသမျှ လှူကြတန်းက
လူပုဂ္ဂိုလ်၊ နေရာဒေသအရော
လှူနိုင် တန်းနိုင်ကြပါတယ်။ သို
တော့ မလိုသူတွေရဲ့ နိုင်ငံရေ
အောင်၊ တစ်ဖက်ကလည်း မိမိ
လူမျိုးရဲ့ဂုဏ်သိက္ခာကို မထိခိုက်
သိမ်းဆောင်ရွက်စေသင့်ပါကြော

လေဘေးဒုက္ခသည်များ ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ နေရာချထားပေးရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့လက်တွဲပြီး ပူးပေါင်းဆောင်ရွက်မှ အပြည့်အဝအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီ သုံးဦး သုံးဖလှယ်သော အင်အားစုတွေမှာ ပြည်သူတွေရဲ့အင်အားက အကြီးမားဆုံးပါ။ စေတနာရှင် ပြည်သူအားလုံးရဲ့ ငွေကြေးအား၊ ပစ္စည်းအား၊ လူအား၊ လုပ်အား လှူဒါန်းမှု အစုစုဟာ သိပ်ကိုအရေးပါလှပါတယ်။ ဒါကြောင့် လူတိုင်း လူတိုင်း၊ ပြည်သူတိုင်း ကိုယ်အား စိတ်အားရှိသမျှ လှူကြတန်းကြပါ။ ကိုယ်အာသီသရှိတဲ့ လူပုဂ္ဂိုလ်၊ နေရာဒေသအရောက်သွားပြီး လက်ရောက် လှူနိုင်တန်းနိုင်ကြပါတယ်။ သို့သော် လှူရာတန်းရာမှာတော့ မလိုသူတွေရဲ့ နိုင်ငံရေး ခုတုံးလုပ် အသုံးချမခံရအောင်၊ တစ်ဖက်ကလည်း မိမိရဲ့လှူဒါန်းမှုဟာ နိုင်ငံနဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာကို မထိခိုက်စေရအောင် သတိပြု ထိန်းသိမ်းဆောင်ရွက်စေသင့်။

လှုတဲ့တန်းတဲ့ အလှူရှင်ပြည်သူတွေထဲမှာလည်း သွေးရိုးသားရိုး စေတနာရှင်တွေရှိသလို နိုင်ငံရေးပယောဂဝင်ပြီး မဟုတ်မဟတ် လုပ်ဇာတ်ခင်းချင်တဲ့အကြံနဲ့ လှူဒါန်းနေတဲ့သူတွေလည်း ပါမှာပါ။ အဲဒီလို နိုင်ငံရေး အသွေးအရောင်ရှိတဲ့ အမည်ခံ အလှူရှင်တွေက ရည်ရွယ်ချက်ရှိရှိနဲ့ လမ်းဘေးကလူအုပ်ကို သွေးထိုးလှုံ့ဆော်တဲ့ စကားတွေပြောပြီး ပြဿနာတစ်ရပ်ရပ် မဖြစ်ဖြစ်အောင် ကြိုးပမ်းနေတာမျိုးတွေလည်း ရှိနေပါတယ်၊ လမ်းဘေးမှာ ငွေကြေးတွေ၊ ပစ္စည်းတွေ အလုအယက်ကောက်ရင်း ရုတ်ရုတ်သဲသဲဖြစ်နေတဲ့ မြင်ကွင်းကို ဗီဒီယို၊ ဓာတ်ပုံတွေရိုက်ပြီး နိုင်ငံနဲ့လူမျိုးရဲ့ မျက်နှာကိုမထောက်ဘဲ ပြည်ပမီဒီယာတွေဆီကို ရောင်းစားနေကြတာတွေလည်း မြင်နေတွေ့နေရပါတယ်။ ဒါတွေကိုကြည့်ပြီး ကျွန်တော်တို့ ပြည်သူတွေရဲ့ အဆင့်အတန်းကို ပြည်ပက တလွဲကောက်ချက်ချသွားရင် နိုင်ငံနဲ့ လူမျိုးရဲ့မျက်နှာကို ဘယ်မှာသွားထားရမလဲ။ အားလုံး စဉ်းစားသင့်ကြပါတယ်။

အခုအချိန်မှာ နာဂစ်လေဘေးကို နိုင်ငံရေးအရ ခုတုံးလုပ် အသုံးချဖို့ ကြိုးပမ်းနေသူတွေရှိနေပါတယ်။ အလှူကို အကြောင်းပြပြီး မရိုးမဖြောင့်လုပ်ရပ်တွေကြောင့် တကယ့် စေတနာကောင်းနဲ့ လှူဒါန်းလိုကြတဲ့ ရိုးသားတဲ့ အလှူရှင် ပြည်သူတွေအတွက် မလိုလားအပ်တဲ့ ကန့်သတ်မှုတွေ၊ အဟန့်အတားတွေ မဖြစ်စေလိုပါဘူး။ ဒါကြောင့် သာမန် အလှူရှင် ပြည်သူတွေအနေနဲ့ နိုင်ငံရေးအမြတ်ထုတ်ချင်တဲ့ အမည်ခံအလှူရှင်တွေရဲ့ မရိုးမသား လုပ်ရပ်တွေကိုလည်း သတိပြုဆန့်ကျင်သွားကြဖို့ လိုအပ်ပါတယ်။

လတ်တလော ဖြစ်စဉ်လေးတစ်ခုကို ဖောက်သည်ချချင်ပါတယ်။ ၂၅-၅-၂၀၀၈ ရက်နေ့က ပုသိမ် NLD ဥက္ကဋ္ဌ၊ အတွင်းရေးမှူးပါ အဖွဲ့တစ်ဖွဲ့ဟာ ပုသိမ်မြို့ အထက (၃) လေဘေးဒုက္ခသည်စခန်းက ဒုက္ခသည်တွေကို တစ်ဦးကို တစ်ထောင်ကျပ်တန် တစ်ရွက်စီ သွားရောက် လှူဒါန်းခဲ့ကြပါတယ်။ ဒုက္ခသည် ၃၄ ဦးကို လှူဒါန်းအပြီးမှာ သက်ဆိုင်ရာနဲ့ အဆင်မပြေဖြစ်ပြီး ဆက်မလှူတော့ဘဲ ရပ်ပစ်လိုက်တယ်လို့ဆိုပါတယ်။ တကယ်သာ စေတနာအရင်းခံမှန်ရင် အားလုံး ကုန်အောင်တော့ဆက်ပြီးတော့ လှူသွားသင့်ပါတယ်။ ဒါပေမယ့် အဲဒီလို NLD က ဆက်ပြီးမလှူတဲ့အတွက် ငွေတစ်ထောင်ကျပ်စီ မရသေးတဲ့ ဒုက္ခသည်တချို့က မကျေမနပ်ဖြစ်ပြီး ကယ်ဆယ်ရေးစခန်းက ထွက်ခွာသွားတဲ့အထိ ဖြစ်ခဲ့ပါသတဲ့။ ဒီတော့ ထွက်ခွာသွားတဲ့ ဒုက္ခသည်တွေကို သက်ဆိုင်ရာကပဲ တွေ့ဆုံစည်းရုံးပြီး သူတို့ သွားလိုရာဒေသများ သွားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ရကြောင်း သိရပါတယ်။ တကယ်တော့ လှူဒါန်းမှုကို အကြောင်းပြပြီး လူစုစုအတွင်း မကျေမနပ်ဖြစ်အောင် ပြဿနာကိုဖန်တီးခဲ့တာက NLD ပါ။ NLD မီးမွေးခဲ့တဲ့ အဲဒီပြဿနာကို သက်ဆိုင်ရာက ပြေလည်အောင်ဖြေရှင်းပေးခဲ့ရတာပါ။

တကယ်တော့ နိုင်ငံတော်ကရော၊ ပြည်သူအားလုံးကပါ လေဘေးကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အမျိုးသားရေးအဆင့်သတ်မှတ်ပြီး အစွမ်းကုန် ကယ်ဆယ်ကူညီထူထောင် တည်ဆောက်ပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတကာကလည်း ပါဝင်ပံ့ပိုးကူညီလျက် ရှိပါတယ်။ ဒီလိုအခြေအနေမှာ NLD အနေနဲ့ အမျိုးသားရေးအမြင်နဲ့ ပူးပေါင်းဆောင်ရွက်ကြရမယ့်အစား နိုင်ငံရေးအရ အမြတ်ထုတ်ဖို့ ကြိုးပမ်းလာနေပါတယ်။ ဒုက္ခသည် ပြည်သူများအကြား မကျေနပ်မှုတွေ၊ ပြဿနာတွေပေါ်လာအောင်၊ အဲဒီကတစ်ဆင့် ဆူပူမှု အရေးအခင်းတွေအထိ ကြီးထွားလာအောင် သွေးခွဲသပ်လျှို လှုံ့ဆော်ဖျက်ဆီးဖို့ ကြိုးပမ်းနေတယ်ဆိုတာ ဒီဖြစ်ရပ်က သက်သေခံနေပါတယ်။ ဒါတွေဟာ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်ဓာတ်မျိုး၊ အင်မတန် အောက်တန်းကျတဲ့ လုပ်ရပ်မျိုးသာဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ချုပ်ပြီးပြောရရင် အခုလို လေဘေးဒုက္ခသည်များ ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ နေရာချထားပေးရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ **နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲပြီး** ပူးပေါင်းဆောင်ရွက်မှ အပြည့်အဝအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ **အဲဒီ သုံးဦးသုံးဖလှယ်သော အင်အားစုတွေမှာ** ပြည်သူတွေရဲ့အင်အားက **အကြီးမားဆုံးပါ။ စေတနာရှင်** ပြည်သူအားလုံးရဲ့ ငွေကြေးအား၊ ပစ္စည်းအား၊ လူအား၊ **လုပ်အား လှူဒါန်းမှုအစုစုဟာ သိပ်ကိုအရေးပါလှပါတယ်။** ဒါကြောင့် လူတိုင်းလူတိုင်း၊ ပြည်သူတိုင်း ကိုယ်အား **စိတ်အားရှိသမျှ လှူကြတန်းကြပါ။ ကိုယ်အာသိသရှိတဲ့ လူပုဂ္ဂိုလ်၊ နေရာဒေသအရောက်သွားပြီး လက်ရောက်** လှူနိုင် တန်းနိုင်ကြပါတယ်။ သို့သော် လှူရာ တန်းရာမှာ **တော့ မလိုသူတွေရဲ့ နိုင်ငံရေးခုတုံးလုပ် အသုံးချ မခံရ** အောင်၊ တစ်ဖက်ကလည်း မိမိရဲ့ လှူဒါန်းမှုဟာ နိုင်ငံနဲ့ **လူမျိုးရဲ့ဂုဏ်သိက္ခာကို မထိခိုက်စေရအောင် သတိပြု ထိန်း** သိမ်းဆောင်ရွက်စေသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၇

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက ကျောင်းအပ်နှံရေးသီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းအပ်နှံရေး အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့်နေပြည်တော်လယ်ဝေးမြို့နယ်များအတွက် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက လက်ခံကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သုံးမြို့နယ်ရှိ သူငယ်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ ကျောင်းသုံးပုံနှိပ်စာအုပ်များကို မြို့နယ်အလိုက် မြို့နယ်ပညာရေးမှူးများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က စေတနာရှင်၊အလှူရှင်များ၏ အလှူငွေများကိုလက်ခံပြီး နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဧည့်ခံဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့တွင် ဆရာ၊ ဆရာမများ၏ ကျောင်းအပ်နှံရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် နေပြည်တော်ပျဉ်းမနားခရိုင် အတွင်းရှိ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးမြို့နယ် များအတွက် ပညာသင်ထောက်ပံ့စရိတ်များပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးမြို့နယ်များရှိ သူငယ်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် မေတ္တာစင်တာဓမ္မညီအစ်ကို အလှူရှင်များအဖွဲ့မှ လှူဒါန်း

နေပြည်တော် မေ ၂၇

လေဘေးသင့် ဘုန်းကြီးကျောင်းများအတွက် စင်ကာပူသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ မေတ္တာစင်တာဓမ္မညီအစ်ကိုအလှူရှင်များကိုယ်စား ဦးဝင်းဖေက ငွေကျပ် ၂၇၅ သိန်းတန်ဖိုးရှိ သွပ်အချပ် ၅၅၀၀နှင့် သီရိသုဓမ္မဓမ္မဏိဇောတဓရ ဦးသန်းထွန်းနှင့် ဇနီး ဒေါ်မြသွေး မိသားစုက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သွပ်အချပ် ၂၀၀ပေးအပ်လှူဒါန်းပွဲကို မေ ၂၄ ရက်တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူပစ္စည်းများကိုလက်ခံကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် မေတ္တာစင်တာဓမ္မညီအစ်ကို အလှူရှင်များကိုယ်စား ဦးဝင်းဖေက ငွေကျပ် ၂၇၅သိန်းတန်ဖိုးရှိ သွပ်အချပ် ၅၅၀၀ ကို ပေးအပ်လှူဒါန်းစဉ်။(သာသနာရေး)

လေဘေးသင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ကူညီထောက်ပံ့ရေးအတွက် လျှောက်လွှာတင်နိုင်

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၅/၂၀၀၈)အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန်ဒုတိယထပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာ တင်ထွန်းဦး)၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြပြီး စတုတ္ထအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရေးကိစ္စနှင့် လေမုန်တိုင်းဒဏ်ခံခဲ့ကြရသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအား အဖွဲ့ကြီးက ကူညီထောက်ပံ့ရေးကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။

လေဘေးသင့် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များသည် ဇွန် ၁၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)သို့ လျှောက်လွှာများတင်သွင်းနိုင်ပြီး လျှောက်လွှာနှင့်အတူ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ လေဘေးသင့်ခံရကြောင်း ထောက်ခံချက်ပါရှိရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) လေဘေးအတွက် ကူညီလှူဒါန်းနိုင်

ရန်ကုန် မေ ၂၇

မုန်တိုင်းဒဏ်ခံရသူများအား ကူညီပံ့ပိုးနိုင်ရေးအတွက် လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)မှဆောင်ရွက်လျက်ရှိရာ ရန်ကုန်ရောက် လက်ပံတန်းမြို့နယ် အသင်းသူ၊ အသင်းသားများ၊ လက်ပံတန်း မြို့နယ်သူ၊ မြို့နယ်သားများနှင့် အခြားပါဝင်လှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။

လှူဒါန်းလိုသူများသည် လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) နာယက ဗိုလ်မှူးကြီးအောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၂၊ ၅၆၃၅၃၀၊ ၀၉-၈၀-၂၂၄၈၈၊ အမှတ်(၂၁၇)၊ တောင်ထိပ်ပန်းလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏမြို့၊ သင်္ဃန်းကျွန်းမြို့နယ်နှင့် တွဲဖက်အတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၆၆၇၇၉၀၊ ၀၉-၅၁-၂၈၈၅၉၊ အမှတ်(၈)၊ ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (မြို့နယ်အသင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး

တနင်္သာရီတိုင်း မြိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၇

တနင်္သာရီတိုင်း ထားဝယ်မြို့နယ်၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် အတ္တဝါစိုးမိုးထရေးဒင်းကုမ္ပဏီလီမိတက်ဆီအုန်းခြံသို့ရောက်ရှိရာ ဆီအုန်းဧက ၆၀၀၀ ကျော် စိုက်ပျိုးထားရှိမှု အခြေအနေနှင့် ဆီကြိတ်ခွဲထွက်ရှိမှု အခြေအနေတို့ကို ခြိမန်နေဂျာက ရှင်းလင်းပြသသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ပလောက်မြို့ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပလောက်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ယနေ့ နိုင်ငံတော် အစိုးရအနေဖြင့် တစ်တိုင်းတစ်ပြည်လုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၊ နယ်စပ်ဒေသများဖွံ့ဖြိုးစေရန်နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမူကြီး (၅)ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်၍ မိမိတို့ဒေသ၏ အုပ်ချုပ်ရေး၊စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ခိုင်မာတောင့်တင်းအောင် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးတို့သည် လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်-ထားဝယ် ကားလမ်းတစ်လျှောက် ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှု စစ်ဆေးကြပြီး ညနေပိုင်းတွင် မြိတ် ရှောင်ကွင်းလမ်း ဘုတ်-ဒေါ-တဘင်းလမ်းပိုင်း မိုင်တိုင် အမှတ် (၆/၅)၌ လမ်းနှုတ်ခမ်းညှိခြင်း၊ ရေနုတ်မြောင်း တူးခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍မြိတ်ရှောင်ကွင်းလမ်း တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြိတ်ခရိုင်အင်ဂျင်နီယာမှူး ဦးတင်ကြည်နှင့် တာဝန်ရှိသူများက မြိတ်ရှောင်ကွင်းလမ်း ဘုတ်-ဒေါ-တဘင်းလမ်းပိုင်းနှင့် ဒေါ-ဒါးသွေး-မဇော်ပြင်ကြီးလမ်းပိုင်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုရှင်းလင်းတင်ပြကြရာဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများအတွက် ငွေနှင့် သွပ်များလှူဒါန်း

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အလှူရှင်များက လေဘေးသင့် ဘုန်းတော်ကြီး ကျောင်းများအတွက် ငွေကျပ် ၁၆၁၇၀၀၀တန်ဖိုးရှိ သွပ်အချပ် ၃၃၀ကို မေ ၂၆ ရက်မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ရန်ကုန်မြို့ရှိ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖျာပုံနယ်ရှိ လေဘေးသင့်ပြည်သူများအတွက် Giordano က ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၇

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်ရှိလေဘေးသင့်ပြည်သူများအတွက် Giordano က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိဆန်အိတ်၊ အာလူးအိတ်၊ ငါးသေတ္တာဘူး၊ ဆပ်ပြာ၊ဒန်အိုး၊ ခြင်ထောင်၊ စောင်၊ ပေါင်မုန့်ကြွပ်၊ ကော်ဖီမစ်၊ ဖယောင်းတိုင်၊ ဇွန်း၊ ငါးပိထောင်း၊ ရေပုံး၊ ရေခွက်နှင့် ခြင်ဆေးခွေစသောထောက်ပံ့ရေးပစ္စည်းများကို မေ ၂၅ ရက်တွင် ဖျာပုံမြို့ရှိ ဆရာဇော်ဂျီစာကြည့်တိုက်၌ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က လက်ခံသည်။

သွားရောက်လှူဒါန်း

ထို့အပြင် ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား Giordano က ဆန်နှင့် စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်ထံ Giordano က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆန်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (ကုန်သည်/စက်မှု)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း လေဘေးဒဏ်ခံရသူများအား သွားရောက် ကူညီ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (ဗဟို)က ကြီးမှူး၍ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်သို့အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဦးသိန်းထွဋ်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာဌေးမြင့်ဦးတို့ ဦးဆောင်သောအဖွဲ့သည် မေ ၂၅ ရက်တွင် သွားရောက်ကြပြီး လေဘေးဒဏ်ခံရသူများအားကူညီထောက်ပံ့ခဲ့ကြသည်။

ရန်ကုန်တိုင်းသွားဘက်ဆိုင်ရာဆရာဝန်အသင်းမှ အမှုဆောင်များအပါအဝင် အဖွဲ့ဝင်အင်အား ၃၀ တို့သည် ရှေးဦးစွာ ကွမ်းခြံကုန်း ပြည်သူ့ဆေးရုံသို့ ဝင်ရောက်ကြပြီးအသင်းဥက္ကဋ္ဌပါမောက္ခ ဦးသိန်းထွဋ်က ကွမ်းခြံကုန်း လေဘေးကယ်ဆယ်ရေးအဖွဲ့နှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ဝင် ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌ မြို့နယ်ဆရာဝန်ကြီးဒေါက်တာစောကလျာအား ဆေးနှင့် ဆေးပစ္စည်း ၁၂သိန်းဖိုးခန့် လှူဒါန်းခဲ့ပြီး ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကမာကလွှန်တောကျောင်း၊ပန်းကလိတ်နှင့်တော်ခရမ်းလေးရွာများရှိအိမ်ထောင်စု ၇၀၀၊ လူဦးရေ ၃၅၀၀ အတွက် အဝတ်အထည်၊ ဆေးဝါး၊ အစားအစာ၊ဆန်၊ရေသန့်နှင့်သွားတိုက်ဆေး၊ သွားပွတ်တံ တန်ဖိုးငွေကျပ်သိန်း၃၀ နှင့် ငွေသားကျပ် ၃၃ သိန်း ဖိုးခန့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကူညီလှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

(က-ပ)

နယ်စပ် / စည်ပင် သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် မေ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် မေ ၂၆ရက်နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၈)၊အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၈)၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်/ဝါး)သင်တန်း အမှတ်စဉ်(၅)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၅၄/၅၅)သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကြည့်ရှု

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့်အဖွဲ့သည်သင်တန်းသူများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

၁၂ ပတ်ကြာ

ယနေ့ဖွင့်လှစ်သည့် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၈)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ဒုတိယဦးစီးမှူးနှင့် အထက်သင်တန်းသူ ၃၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၅၅)သို့ စာရေးဝန်ထမ်းသင်တန်းသူ၃၀၊အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၈)သို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ နည်းပြသင်တန်းသူ ၁၅ ဦး၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြိမ်/ဝါး)သင်တန်းအမှတ်စဉ်(၅)သို့ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ နည်းပြသင်တန်းသူ ၂၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၄)သို့စည်ပင်သာယာရေးဦးစီးဌာနမှ စာရေးဝန်ထမ်း ၆၀ စုစုပေါင်း သင်တန်းသူ ၁၅၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားမ အထူးအယူခံမှု(၆)မှု စီရင်ချက်ချမှတ်

နေပြည်တော် မေ ၂၇

တရားရုံးချုပ်(ရန်ကုန်)မှ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်၊ ဦးမြင့်သိန်းတို့ ပါဝင်သော အထူးအယူခံ ခုံရုံးသည် မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု(၆)မှုကိုစီရင်ချက်ချမှတ်ခဲ့သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု (၅)မှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေသန့်စက်နှစ်လုံး ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၇

ဆိုင်ကလုန်းမုန်တိုင်းဒဏ် ခံစားခဲ့ရသော ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် Htoo Trading Co.,Ltd. နှင့် Air Bagan Co., Ltd. တို့မှ ဝန်ထမ်းများက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက် ရှိရာ မေ ၂၆ ရက်က ဂျာမနီနိုင်ငံTechnisches Hilfswerk Co.,Ltd. မှ လှူဒါန်းသော ၄၅မိနစ်လျှင် လီတာတစ်သောင်း ထွက်ရှိသည့် ရေသန့်စက်နှစ်လုံးကို Htoo Trading Co., Ltd.မှတစ်ဆင့် ဗိုလ်မှူးကြီးတင်အောင်နှင့် ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းတို့ထံ ပေးအပ်လှူဒါန်းကြသည်။**(ယာပုံ)**

Htoo Trading Co., Ltd. နှင့် Air Bagan Co.,Ltd.တို့မှ အဆိုပါ ရေသန့်စက်နှစ်လုံး ထားရှိရန် ငွေကျပ်သိန်း၃၀၀ကုန် အဆောက်အအုံ ဆောက်လုပ်ပေးခြင်း၊ စက်ပစ္စည်းများ သယ်ယူတပ်ဆင်ပေးခြင်းနှင့် သောက်ရေများကို ကားသုံးစီးဖြင့် တစ်နေ့လျှင် နှစ်ကြိမ်လိုက်လံ ဝေငှပေးခြင်းများကို တာဝန်ယူ လုပ်ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို မေ ၁၀ရက်မှ စတင်၍ Htoo Trading Co., Ltd.နှင့် Air Bagan Co.,Ltd. တို့မှ တာဝန်ယူ ပြုပြင် ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၆ ရက်အထိ မဟာမုနိတန်ဆောင်းတော်၊ မြို့နယ်မွှာရုံကြီး၊ ဇေယျမေဒိနီဘုန်းကြီးကျောင်း၊ ရတနာပုံဘုန်းကြီးကျောင်း၊ ကျွန်းညိုဘုန်းကြီးကျောင်း၊ မဂ္ဂင်ဘုန်းကြီးကျောင်း၊ ကျော်ဇံဘုန်းကြီးကျောင်း၊ မြစိမ်းရောင်ဘုန်းကြီးကျောင်း၊ ဒွါရဘုန်းကြီးကျောင်း၊ သီတဂူဘိုးဘွားရိပ်သာ၊ ပြည်သူ့ဆေးရုံ၊ ပညာရေးကောလိပ်၊ အထက(၁)၊ အထက(၂)၊ အလက(၁)၊ အမက(အောက်ပိုင်း)၊ အမက(အောင်သပြေ)၊ ဆက်သွယ်ရေးရုံး၊ ရုပ်သံထပ်ဆင့်လွှင့်ရုံ၊ တိမွေးကုရုံး၊ စိုက်ပျိုးရေးရုံး၊ မြေစာရင်းရုံးတို့မှာ အလုံးစုံပြီးစီးသွားပြီဖြစ်ပြီး သတ္တမဝတီဘုန်းကြီးကျောင်း၊ သီတဂူပေါ်တော်မူဘုရား ဘုန်းကြီးကျောင်း၊ ကံ့ကော်တစ်ထောင် ဘုန်းကြီးကျောင်း၏ ဆေးကုခန်း(ကံ့ကော်တစ်ထောင်ရွာ)၊ အထက(မြင်းကကုန်း)၊ မြနဒီဩဇာရိပ်သာတို့ကို ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍လည်း ကျေးရွာ များ ပြန်လည်ထူထောင်ရန် ထွန်စက် အစီး ၁၀၀ နှင့် မျိုးစပါးများကို မကြာမီ ဆက်လက်လှူဒါန်းမည်ဖြစ် ကြောင်း သိရှိရသည်။ (ကြေးမုံ)

နာဂစ်ဒဏ်ပြန်လည်ထူထောင်ရေး သတင်းအချက်အလက်များစွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မေ ၂၇

'အနုတ်ထဲကအပေါင်း အဆိုးထဲကအကောင်း၊ ဝန်းကျင်ဘဝများပြောင်း' နာဂစ်ဒဏ် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထူးအလေးပေးသုံးသပ်ချက်၊ ဦးလှမြင့်ဆွေ(ဌာနမှူး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဦးမောင်မောင်လတ်(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး)၊ ဦးခင်ဇော်(ညွှန်ကြားရေးမှူးချုပ်- ဆည်မြောင်းဦးစီးဌာန)တို့နှင့် တွေ့ဆုံပြီး နာဂစ်ပြန်လည်ထူထောင်ရေးဆိုင်ရာ သုံးသပ်ချက်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ် (၂၀) ယခုတစ်ပတ်ထွက်ရှိလာသည်။

ထို့အပြင် လေဘေးသင့်ပြည်သူများအား ကူညီရန်အတွက် နိုင်ငံတကာမှ ငွေကြေးအကူအညီနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံကျင်းပ၊ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များကို မုန်တိုင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက်ဖိတ်ခေါ်၊ နိုင်ငံတကာမှ ထောက်ပံ့ရေးအဖွဲ့များကို မြန်မာနိုင်ငံအတွင်း ဝင်ခွင့်ပြုကြောင်း နိုင်ငံတော်အကြီးအကဲသဘောတူခဲ့ ကုလထွေချုပ် ဘန်ကီမွန်းက သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြား၊ မြန်မာ့မိုး/ဇလအား ကမ္ဘာ့ကုလမိုးလေဝသအဖွဲ့ချုပ်နှင့် အခြားအဖွဲ့အစည်းများက မိုးလေဝသတိုင်းထွာခန့်မှန်းရေးပစ္စည်းများ ကူညီမည်၊ နာဂစ်နှင့်ပတ်သက်၍ အမှန်ကန်ဆုံးသတင်းအချက်အလက်များ ထုတ်ပြန်ပေးနိုင်သည့် မြန်မာ့မိုး/ဇလအား ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ချီးကျူး၊ မြန်မာနိုင်ငံရှိထင်ရှားသော ကျောက်မှုပွင့်ကြီး နာဂစ်ကြောင့်ကျိုးပဲ့၊ ဆန်တစ်ပြည် ၆၅၀ဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူအသင်းမှ လိုသလောက်ရောင်းမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ 'မိုးလေဝသသတင်းများ' အကြောင်း စသည့်ပြည့်တွင်းရေးရာ နောက်ဆုံးစက်ရပ်သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

မလေးရှားနိုင်ငံ နိုင်ငံကူးလက်မှတ်အတုပြုလုပ်သောဂိုဏ်း ရဲက ဖမ်း၊ ငလျင်ကယ်ဆယ်ရေးလုပ်ငန်းများ ဦးရွက်ဦးဆောင်လုပ်ဆောင်သည့် ဝန်ကြီးချုပ်ကို တရုတ်ပြည်သူများ သဘောကျ၊ တရုတ်နှင့် မြန်မာတို့မှ ကပ်ဘေးသင့်သူများအတွက် ဝမ်းနည်းပူဆွေးခြင်းအထိမ်းအမှတ် ကမ္ဘာ့ကျန်းမာရေးညီလာခံဖွင့်လှစ်၊ ဆော်ဒီအမျိုးသမီးက သူမ၏မျက်နှာကို ကြည့်ရန်ကြိုးစားသည့် ခင်ပွန်းကို ကွာရှင်းလို၊ အမျိုးသမီးများ ရင်သားကင်ဆာ ကာကွယ်ရေးလေ့ကျင့်ခန်းများများလုပ်ပေး၊ မက္ကဆီကို စီးတီးတွင် လိင်ပြောင်းသူနှစ်ဦး ပထမဆုံးအကြိမ် လက်ထပ်၊ 'မိတ်ကပ်ပညာရှင်ဇနီးကို သတ်မှုဖြင့် ခင်ပွန်းသည်အားလူသတ်မှုဖြင့် စွဲချက်တင်' နိုင်ငံတကာ မှုခင်းရေးရာ၊ 'ပြောရဦးမယ် သူတို့ကဒီလိုတဲ့' နိုင်ငံတကာဖျော်ဖြေရေး ကဏ္ဍသစ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာ ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်သမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၂၇

ပြင်သစ်သမ္မတနိုင်ငံမှ Dr. Tierre Souilland ဦးစီးသော ကိုးဦးပါဝင်သည့် ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် ယနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် TG-305 လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် မေ ၂၇

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ အတွင်းရေးမှူး ဦးပေါ်ညိမ်းဦးဆောင်၍ ရန်ကုန်တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်၊ တိုင်းရင်းဆေးဆရာအသင်းမှ ဦးမောင်မောင်ဦးတို့နှင့် တိုင်းရင်းဆေးဆရာ ၁၅ ဦး ပါဝင်သော အဖွဲ့သည် မေ ၂၇ ရက် နံနက် ၈နာရီတွင် ကျောက်တန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ တိုင်းရင်းဆေးဖြင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ကဒပ္ပနကျေးရွာအုပ်စုနှင့် တံတားမြို့ **(ယာပုံ)** များသို့ သွားရောက်ဆောင်ရွက်ကြသည်။

တိုင်းရင်းဆေးအဖွဲ့ဝင်များသည် တိုင်းရင်းဆေးခန်းသုံးဆေးဝါးများနှင့်ပုဂ္ဂလိကတိုင်းရင်းဆေးများဖြင့်လေဘေးသင့်ပြည်သူများအား ကုသပေးခဲ့ရာ လူနာစုစုပေါင်း ၅၅၀ အား ကျန်းမာရေးစောင့်ရှောက်ကုသမှုပေးခဲ့သည်။(ကြေးမုံ)

တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်နိုင်



ရန်ကုန် မေ ၂၇

ယနေ့ နံနက် ၉ နာရီခွဲ အထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ

လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၂ဒသမ၇၂ လက်မ၊ အမ်းမြို့တွင် ၁ဒသမ၆၁ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ဒသမ၄၅ လက်မ၊ သံတွဲမြို့တွင် ၁ဒသမ၂၉လက်မ၊ ဗန်းမော်မြို့တွင် ၁ဒသမ၁၄လက်မနှင့် မြိတ်မြို့တွင် ဝဒသမ၀၆လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မေ ၂၈ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာစိပ်စိပ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်၊ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၈၈ ဒီဂရီဖာရင်ဟိုက်) ၂၆-၅-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၃ ဒသမ ၄ ဒီဂရီစင်တီဂရိတ်(၇၄ ဒီဂရီဖာရင်ဟိုက်) ၂၇-၅-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၂၇-၅-၂၀၀၈

နေပူသည့်နာရီပေါင်း ၂ ဒသမ ၃ နာရီခန့် ၂၆-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၇-၅-၂၀၀၈	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၀၈ မှ ယနေ့အထိ	၇၀၆မမ(၂၇.၈၀လက်မ)	၈၁၃မမ(၃၂.၀၁လက်မ)	၉၃၉မမ(၃၆.၉၇လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၇-၅-၂၀၀၈ နေ့ ၆း၃၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ (၄)မိုင်နှုန်း တိုက်ခတ်သည်။

အိုဘားမားက အက်ဒဝပ်ကနေဒီကို ချီးကျူးစကားပြောကြား

မစ်ဒဲလ်တောင် (ကွန်နက်တီကတ်) မေ ၂၆

အမေရိကန်နိုင်ငံမှ ကနေဒီမိသားစု၏ အမွေကို ဆက်ခံမည့်သူဟု အချို့ကထင်မြင်နေသော ဘာရက်အိုဘားမားသည် မက်ဆာချူးဆက် အထက်လွှတ်တော်အမတ် အက်ဒဝပ်ကနေဒီ ကျန်းမာရေး မကောင်းသောကြောင့် ဘွဲ့အပ်နှင်းခြင်းအခမ်းအနားတစ်ခုသို့ အစားထိုးတက်ရောက်စဉ် ၄င်းက ကနေဒီကို ဆင်းရဲသားများနှင့် လုပ်ရှားရုန်းကန်နေသူများကို အကာအကွယ်ပေးသူဖြစ်ကြောင်း ချီးကျူးစကားပြောကြားသည်။

အိုဘားမားသည်၄င်းအားထောက်ခံသော (၇၆)နှစ်အရွယ်ရှိ ကနေဒီကို ဉာဏ်ကြီးရှင်ဟုခေါ်ဆိုလိုက်ပြီးလုပ်ကြံခံရသော ညီအစ်ကိုနှစ်ယောက်ဖြစ်သည့် သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီနှင့် အထက်လွှတ်တော်အမတ်ရောဘတ်ကနေဒီတို့ လမ်းပြခဲ့သော ပြည်သူ့အကျိုးပြု နမူနာများကို လူငယ်များက ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်သည်။

အက်ဒဝပ်ကနေဒီသည်အန္တရာယ်ပေးနိုင်သည့် ဦးနှောက်အကျိတ်ရောဂါခံစားနေရကြောင်း လွန်ခဲ့သော ရက်သတ္တပတ်က စမ်းသပ်သိရှိခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်တွင် လေဆင်နှာမောင်းနှင့် မုန်တိုင်းတိုက်ခတ် လူခုနစ်ဦးထက်မနည်းသေဆုံး

မင်နီပိုလစ် မေ ၂၇

အမေရိကန်ပြည်ထောင်စုအလယ်ပိုင်း ကော်လိုရာဒိုပြည်နယ်တွင် အင်အားပြင်းထန်သည့် လေမုန်တိုင်းနှင့်အတူ လေဆင်နှာမောင်း ပြင်းထန်သည့်မိုးသက် မုန်တိုင်းတိုက်ခတ်သွားခဲ့ရာ လူခုနစ်ဦးထက်မနည်း တနင်္ဂနွေနေ့က သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အိုင်အိုဝါဒေသအလယ်ပိုင်းရှိ ပစ်စဘတ်နှင့် နယူးဟတ်ဖို့မြို့ငယ်လေးများတွင် အင်အားပြင်းလေဆင်နှာမောင်းတိုက်ခတ်မှု တိုက်ရိုက်ကြုံတွေ့ခဲ့ရပြီး လူခြောက်ဦးသေဆုံးကာ အိုးအိမ်နှင့် အဆောက်အအုံ ၆၀ခန့် ပြားပြားဝပ် ပြိုလဲခဲ့ရသည်။ ကယ်ဆယ်ရေးအဖွဲ့များက ပစ်စဘတ်မြို့ရှိ အဆောက်အအုံနှင့် အိုးအိမ်အပျက်အစီးများကိုဖယ်ရှား၍ ရှာဖွေမှုများပြုလုပ်ခဲ့သည့်ဟု အိုင်အိုဝါဒေသ အရေးပေါ်စီမံကွပ်ကဲမှုဌာနမှ ဘရက်ဗူးရီစ်က ပြောကြားသည်။

ဟူဂိုတွင် အသက်နှစ်နှစ်အရွယ်ကလေးငယ်တစ်ဦးသေဆုံးပြီး မင်နီပိုလစ်အနီးရှိ မင်နီဆိုတာတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိုးအိမ်ဒါဇင်ချီ၍ပျက်စီးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဝင်ဆာအရပ်တွင် တော်နေဒိုးမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အပျက်အစီးများကို မေ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ မိုးကြိုးပစ်၍ သုံးဦးသေဆုံး

ဒါကာ မေ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အနောက်မြောက်ဘက် ချာပါနာဝက်ဂန်ဂျင်ခရိုင်တွင် မေ ၂၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းနေစဉ် မိုးကြိုးပစ်ချခဲ့ရာ သုံးဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ညီအစ်ကိုနှစ်ဦးမှာ လယ်ယာထဲ၌ အလုပ်လုပ်နေစဉ် မွန်းလွဲ ၁၂နာရီခွဲခန့်တွင် မိုးကြိုးထိမှန်၍ ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာသတင်းအရ သိရသည်။

တစ်ချိန်တည်းမှာပင်ထိုဒေသအတွင်း၌ နေအိမ်တစ်လုံးပေါ်သို့ မိုးကြိုးပစ်ချရာ အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသမီးတစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီသီယိုးပီးယားတွင် မြေယာပြဿနာအငြင်းပွား တိုက်ခိုက်မှုကြောင့် ၂၀ သေဆုံး

အဒစ်အဘာဘာ မေ ၂၆

ပြီးခဲ့သော သီတင်းပတ်က အီသီယိုးပီးယားနိုင်ငံ အနောက်ဘက်ဒေသတွင် မြေယာနှင့်ပတ်သက်၍ အချင်းများမှုများ ဖြစ်ပွားရာ ၂၀ ဦးထက်မနည်း သေဆုံးရကြောင်း မေ ၂၅ ရက်က ထွက်ပေါ်လာသော ရဲတပ်ဖွဲ့သတင်းက ဖော်ပြသည်။

အာဖရိက ဦးချိုဒေသရှိ အီသီယိုးပီးယားနိုင်ငံ၏တောင်ဘက်နှင့်အနောက်ဘက်ဒေသများတွင် စားကျက်မြေနှင့် လယ်ယာမြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ မကြာခဏ မြေယာလုပွဲများ၊ တိုက်ခိုက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

ယခုဖြစ်ပွားသော မြေယာပြဿနာမှာ အနောက်ဘက်ဒေသရှိ အိုရိုမီယာပြည်နယ်နှင့်ဘီနီရှန်ဂူလီဒေသနေပြည်သူများအကြား ဖြစ်ပွားသော ထိပ်တိုက်ရင်ဆိုင်မှုဖြစ်သည်။ ယင်းပြဿနာကြောင့် ဒေသခံပြည်သူ ၂၀ ဦးမက သေဆုံးရသည်ဟုရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူဒမ်ရှာဟာလူအီကပြောကြားသည်။

ဒေသခံမီဒီယာများ၏ အဆိုအရ အိုရိုမိုလူမျိုးစုနှင့်ဘီနီရှန်ဂူလီတို့အကြား ဖြစ်ပွားသော မြေယာလုမှုကြောင့် ၁၀၀ထက်မနည်းသေဆုံးသည်ဟုသိရသည်။ သို့သော်ထိုသတင်းမှာ မှန်ကန်မှုမရှိကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲအရာရှိတစ်ဦးနှင့် ယာဉ်မောင်း သေဆုံး

အစ္စလမ္မာဘတ် မေ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိပက်ရှ်ဝါမြို့တွင် ရဲအရာရှိတစ်ဦးစီးလာသည့်မော်တော်ယာဉ်သည်စနေနေ့က ဗုံးဖောက်ခွဲခံခဲ့ရသဖြင့်ရဲအရာရှိနှင့်၄င်း၏ယာဉ်မောင်းတို့သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၂၀၀၇ ခုနှစ် အလယ်ပိုင်းတွင် ပါကစ္စတန်နိုင်ငံတစ်ဝန်း အသေခံဗုံးဖောက်ခွဲမှုများ၊ လမ်းဘေးဗုံးထောင်ဖောက်ခွဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပွားခဲ့ရာ ရာပေါင်းများစွာသောလူများ သေဆုံးခဲ့ကြသည်။ သို့ရာတွင် အစ္စလာမ္မစ် စစ်သွေးကြွများအား တိုက်ခိုက်မှု အဆုံးသတ်ရေးအတွက် ဆွေးနွေးရန် ပါကစ္စတန်အစိုးရက တိုက်တွန်းခဲ့ပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့ကျသွားခဲ့ရသည်။ ဖော်ပြပါ ဗုံးဖောက်ခွဲမှုသည် ဖေဖော်ဝါရီလလယ် နောက်ပိုင်းတွင် လေးကြိမ်မြောက်ဖြစ်ပြီး ရဲအရာရှိဂျူမာခန်းက နံနက်ပိုင်းလုပ်ငန်းခွင်သို့အသွား ဗုံးဖောက်ခွဲခံရခြင်းဖြစ်သည်။ ယင်းဗုံးသည် အဝေးထိန်းစနစ်ဖြင့်ဖောက်ခွဲသည့်ဗုံးဖြစ်ပြီး ဗုံးဖောက်ခွဲမှုကြောင့်ဖြတ်သန်းသွားလာသူအချို့ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့မှ ဗုံးဖယ်ရှားရေးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စီချွမ်ပြည်နယ် ငလျင်ဒဏ်ခံရသော နယ်မြေ နောက်ဆက်တွဲ ငလျင်လှုပ်

ချန်ဒူး မေ ၂၆

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်မြောက်ဘက်ရှိ ကွမ်ချောင်းခရိုင်တွင် ပြင်းအား ရစ်ချ်တာစကေး ၆ဒသမ၄ရှိသောနောက်ဆက်တွဲ ငလျင်တစ်ခုသည် တနင်္ဂနွေနေ့ ညနေ ၄နာရီ၂၁မိနစ်အချိန်တွင် လှုပ်သွားခဲ့သည်။

မေလ ၁၂ရက်နေ့က မဂ္ဂနိကျူ ၈ ဒသမ ၀ ရှိသော ငလျင်လှုပ်ပြီးနောက် အင်အားအပြင်းဆုံးငလျင်သည် ပြည်နယ်မြို့တော်ချန်ဒူးအပါအဝင် ပြည်နယ်နေရာ အနှံ့အပြားကို လှုပ်ခါသွားခဲ့ကြောင်း တရုတ်အမျိုးသား ငလျင်တိုင်းတာရေးဌာန၏ အကြီးတန်းအရာရှိ ဟောင်ဂျန်းမင်းက ပြောကြားသည်။

တရုတ်ပြည်၏အနောက်မြောက်ဘက်ရှိ ရှန်ဇီပြည်နယ်၊ဂန်စူးပြည်နယ်နှင့် စီချွမ်ပြည်နယ်တို့၏နယ်စပ်၌ရှိသောကွမ်ချောင်းခရိုင်၌၁၀၅ဒသမ၄ဒီဂရီအရှေ့လောင်ဂျီကျူနှင့်၃၂ဒသမ၆ဒီဂရီမြောက်လတ္တီကျူတွင်ဗဟိုချက်မထား၍လှုပ်ခြင်းဖြစ်သည်ဟု၄င်းငလျင်တိုင်းတာရေးအဖွဲ့ကပြောသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံခြားသားများအား အကြမ်းဖက်တိုက်ခိုက်မှု အဆုံးသတ်ရန် တောင်အာဖရိကပြည်သူများတောင်းဆို

ဂျိုဟန်နက်စ်ဘတ် မေ ၂၆

ထောင်ပေါင်းများစွာချီရှိသည့်တောင်အာဖရိကနိုင်ငံသူ၊နိုင်ငံသားများသည် တောင်အာဖရိကနိုင်ငံ၏ အကြီးဆုံး ဂျိုဟန်နက်စဘတ်မြို့တွင် စနေနေ့က စုရုံးကာ ဆန္ဒပြကြပြီး နိုင်ငံခြားသားများအား အကြမ်းဖက် တိုက်ခိုက်မှု အဆုံးသတ်ရန်တောင်းဆိုကြကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် အာဖရိကရွှေ့ပြောင်း အလုပ်သမား ၄၀တို့ သေဆုံးခဲ့ပြီး လူပေါင်း သောင်းချီ၍ နေရာအတည်မကျ ဖြစ်ခဲ့ကြရသည်။

နိုင်ငံခြားသားများအား ကြောက်သောဝေဒနာသည် လူဖြူလူမည်းခွဲခြားမှုကဲ့သို့ အထိနာလှကြောင်း နိုင်ငံခြားသားများအား ကြောက်သောဝေဒနာကို ဆန့်ကျင်ကြောင်း စသည့် အဓိပ္ပာယ်ရှိသော နဖူးစည်းစာတမ်းဆိုင်းဘုတ်များကို ဆန္ဒပြသူများက ကိုင်ဆောင်လာကြသည်။

ဟီးလ်ဘရိုးခရိုင်မှ အာဖရိက ရွှေ့ပြောင်းအလုပ်သမားများက ဖော်ပြပါ ချီတက်ဆန္ဒပြမှုကို ချီးကျူးသြဘာပေးကြသည်။

ဂျိုဟန်နက်စဘတ်တစ်ဝိုက်ရှိမြို့နယ်များတွင် အခြေအနေ ငြိမ်သက်နေသော်လည်း ကိပ်တောင်းမြို့ပြင်ဘက်တွင် ဈေးဆိုင်များ အလုခံရပြီး မီးရှို့ခံရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ချီတက်ဆန္ဒပြအဖွဲ့သည် ဂျိုဟန်နက်စဘတ်မြို့ အလက်ဇန္ဒရား မြို့နယ်တွင် မေ ၁၁ ရက်က ဖြစ်ပွားခဲ့ပြီးကိပ်တောင်းနှင့် ဒါဘန်မြို့သို့ ကူးစက်သွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျာဗားကျွန်းရှိ မီးတောင်လှုပ်ရှားမှု သတိပေးချက်ထုတ်ပြန်

ဂျကာတာ မေ ၂၆

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် လှုပ်ရှားနေသည့် မီးတောင်များအနက် မီးတောင်တစ်တောင်၏ လှုပ်ရှားမှုနှင့်ပတ်သက်၍သတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း မီးတောင်ပညာရှင်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဂျာဗားကျွန်းအရှေ့မာလန်ဒေသအနီး စီမီရူတောင်လှုပ်ရှားမှုကို ဗုဒ္ဓဟူးနေ့က ဘန်ဒန်ဒေသရှိမီးတောင်ပညာရှင်အဖွဲ့ကသတိပေးနှိုးဆော်ချက်ထုတ်ပြန်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရုရှားနိုင်ငံ အီဗန်ဒိုဗိုဒေသသို့ သယ်ဆောင်လာသော တိုပိုလ်အမ်ဒုံးကျည်များကို မေ ၂၅ရက်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒုစရိုက်ဂိုဏ်းခေါင်းဆောင် အီတလီရဲတပ်ဖွဲ့ ဖမ်းဆီး

ရောမ မေ ၂၆

အီတလီရဲတပ်ဖွဲ့က အင်ဒရာဂက်တာမျိုးနွယ်စု သို့တည်းမဟုတ် ကာလာဘရီယန် ဒုစရိုက်ဂိုဏ်းအကြီးအကဲတစ်ဦးကို သောကြာနေ့က ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ ၎င်းဂိုဏ်းသည် ဂျာမနီနိုင်ငံမှ အီတလီလူမျိုးခြောက်ဦးအား လွန်ခဲ့သည့်နှစ်က သတ်ခဲ့သည့်အမှုနောက်ကွယ်မှ ပါဝင်ပတ်သက်ခဲ့သည်ဟု သင်္ကာမကင်းဖြစ်ရသည့်ဂိုဏ်းဖြစ်သည်။

အီတလီရဲတပ်ဖွဲ့က အလိုရှိဆုံးသူတစ်ဦးဖြစ်သည့် ဂီယူဆက်နာတာသည် နာတာစထရန်ဂျီယိုမျိုးနွယ်စု၏ အကြီးအကဲဖြစ်သည်ဟု သင်္ကာမကင်းအဖြစ်ခံရသူ ဖြစ်သည်။ ၎င်း၏ ဇာတိမြို့ဖြစ်သည့် ဆန်လူကာရှိ ဆွေမျိုးသားချင်းအိမ်တွင် အဖမ်းခံရခြင်းဖြစ်သည်။ ၎င်းက ပြန်လှန်တိုက်ခိုက်မှုမပြုခဲ့ပေ။

နာတာသည် ဆန်လူကာမြို့တွင် ဖြစ်ပွားခဲ့သည့် သတ်ဖြတ်မှုတွင် ပါဝင်ခဲ့သည်။ အန္တရာယ်ရှိသော တရားခံပြေးတစ်ဦးဖြစ်ပြီး ၎င်းအား ဖမ်းဆီးခဲ့သည့် ရဲတပ်ဖွဲ့အား ပြည်ထဲရေးဝန်ကြီးမာရိုနီက ဂုဏ်ပြုချီးကျူးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှု

နေပြည်တော် မေ ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မေ ၂၅ ရက်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျူးပြည်နယ်မှ ဆရာဝန်များနှင့် မြန်မာနိုင်ငံမှ ဆရာဝန်များ ပူးပေါင်း၍ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ဒေးဒရဲမြို့ ပြည်သူ့ဆေးရုံ၌ လေဘေးဒဏ်ကြောင့် ဒဏ်ရာရလူနာများအား **စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများမှ တောင်သူလယ်သမားများအတွက် လယ်ယာ(၂၂) လက်တွန်းထွန်စက်များ ရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးရထား)

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတွင် နိုင်ငံသားကုမ္ပဏီများက ပူးပေါင်းပါဝင်

ရန်ကုန် မေ ၂၇

ဧရာဝတီတိုင်း လပွတ္တာမြို့ရှိ လေဘေးသင့်ပြည်သူများအတွက် နိုင်ငံသားကုမ္ပဏီများဖြစ်ကြသည့် မက်(စ်)မြန်မာနှင့် ဧရာရွှေဝါကုမ္ပဏီတို့က လှူဒါန်းမှုများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် မေ ၅ ရက်တွင် ဝန်ထမ်းအင်အား ၁၀၀၊ စက်၊ ယာဉ် ၁၅ စီးဖြင့်လည်းကောင်း၊ မေ ၈ ရက်တွင် ဝန်ထမ်းအင်အား ၄၀၀၊ စက်၊ယာဉ် ၃၂ စီးဖြင့်လည်းကောင်း ရောက်ရှိကြပြီး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအတွက် မက်(စ်)မြန်မာကုမ္ပဏီက ငွေကျပ် သိန်း ၂၀၀၀ နှင့် ပစ္စည်းတန်ဖိုးငွေကျပ် သိန်း ၃၀၀၀ ကျော်ကို လည်းကောင်း၊ ဧရာရွှေဝါကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀၀ နှင့် ပစ္စည်းတန်ဖိုး သိန်း ၂၀၀၀ ကျော်တို့ကို လည်းကောင်း လှူဒါန်းသုံးစွဲခဲ့ကြောင်း သိရသည်။ မေ ၆ ရက်မှ စတင်၍ လေဘေးသင့် ကယ်ဆယ်ရေးစခန်းများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆေးဝါး၊ သင်္ကန်း၊ အစားအသောက်၊ အဝတ်အထည်၊ အမိုးအကာများနှင့် လိုအပ်သည်များကို ပံ့ပိုးလှူဒါန်းခဲ့ကြသည်။ မေ ၁၉ ရက်အထိ စာရင်းအရ ဧရာဝတီတိုင်းအတွင်း ဆန်အိတ်ပေါင်း ၈၅၀၀၊ ပဲအိတ် ၁၀၀၊ ကြက်သွန်နီအိတ် ၁၀၀၊ အာလူးအိတ် ၁၀၀ နှင့် ကြာဆံအိတ် ၁၀၀ အပါအဝင် စားသောက်ချက်ပြုတ်ဖွယ်ရာများ၊ ရေစုပ်စက် ၁၀ လုံး၊ ရေတင်စက်အလုံး ၂၀၊ သွပ်အချပ်ရေ ၁၅၀၀၀၀၊ သစ် ၁၀ တန်၊ ရေသန့်ပုံး ၁၀၀၀၀၊ ဆေးဝါးအမျိုးမျိုး(သေတ္တာ) ၁၀၀၀၊ အဝတ်အထည် ၅၀၀၀၀ အပါအဝင် ထောက်ပံ့ရေးပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် လေဘေးသင့် ပြည်သူများအား မက်(စ်)မြန်မာ ကုမ္ပဏီလီမိတက်က ထောက်ပံ့ရေးပစ္စည်းများကို လှူဒါန်းနေစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ကျော်ရဲမင်း၏ "ကိုယ်အား စိတ်အား ရှိသမျှ လှူနိုင်တန်းနိုင်ကြပါသည်" (ဆောင်းပါး) စာမျက်နှာ-ဂ၊၉

နာဂစ်လေဘေးကို နိုင်ငံရေးအရ ခုတုံးလုပ်အသုံးချဖို့ ကြိုးပမ်းနေသူတွေရှိနေ

"အခုအချိန်မှာ နာဂစ်လေဘေးကို နိုင်ငံရေးအရ ခုတုံးလုပ် အသုံးချဖို့ ကြိုးပမ်းနေသူတွေရှိနေပါတယ်။အလှူကိုအကြောင်းပြပြီး မရိုးမဖြောင့်လုပ်ရပ်တွေကြောင့် တကယ့်စေတနာကောင်းနဲ့ လှူဒါန်းလိုကြတဲ့ ရိုးသားတဲ့အလှူရှင်ပြည်သူတွေအတွက် မလိုလားအပ်တဲ့ ကန့်သတ်မှုတွေ၊ အဟန့်အတားတွေ မဖြစ်စေလိုပါဘူး။ ဒါကြောင့် သာမန်အလှူရှင် ပြည်သူတွေအနေနဲ့ နိုင်ငံရေးအမြတ်ထုတ်ချင်တဲ့ အမည်ခံ အလှူရှင်တွေရဲ့ မရိုးမသားလုပ်ရပ်တွေကိုလည်း သတိပြုဆန့်ကျင်သွားကြဖို့ လိုအပ်ပါတယ်။"